ကြေးမုံ The Mirror

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ စနေနေ့ (7-9-2013) (၇၃၉၆)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဘာရာဇီးလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘာရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘာရာဇီးပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မဒမ် ဒဲလ်မား ရိုးဆပ်ဖ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၆-၉-၂၀၁၃

ခန္တီး	၅	ဒသမ	၇၅	လက်မ
ခရမ်း	၃	ဒသမ	၇၃	လက်မ
ရန်ကုန်	၃	ဒသမ	၂၇	လက်မ
ကျိုင်းတုံ	၂	ဒသမ	၆၄	လက်မ
စစ်တွေ	၂	ဒသမ	၂၄	လက်မ
နေပြည်တော်	၂	ဒသမ	၁၃	လက်မ
ကျိုက်မရော	၂	ဒသမ	၀၆	လက်မ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃၈/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် နေ့စွဲပါ အမိန့်အမှတ်(၁၅/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"**တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ဦးဇေယျာအောင်
ပြည်ထောင်စုဝန်ကြီး

(၂) ဦးဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇာတ်တိုက်လေ့ကျင့်ပြင်ဆင်မှုပြုလုပ်ပြီး ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၆

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။(အပေါ်ပုံ)

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကစားရုံ၊ အားကစားကွင်း၊ အားကစားပစ္စည်းကိရိယာများ ခေတ်မီနည်းပညာစံနှုန်းများကိုက်ညီရေး၊ အားကစားပွဲဝန်ဆောင်မှုအားလုံး အသုံးပြုမှု လွယ်ကူအဆင်ပြေရေး၊ အားကစားပွဲကြီး ဘေးကင်းလုံခြုံမှုအတွက် တင်းကျပ်သော်လည်း ကြည်သာသော လုံခြုံရေးအစီအမံများထားရှိရေး၊ မြန်မာ့အားကစားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားစီမံခန့်ခွဲမှုနှင့် သိပ္ပံနည်းကျသုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး၊ ယခင်ကျင်းပခဲ့သော အိမ်ရှင်နိုင်ငံများ၏ အတွေ့အကြုံအပေါ် အခြေခံ၍ နိုင်ငံအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့●**

မြန်မာအသင်းတိုက်စစ်မှူး ရန်ပိုင်၏ ထိုးဖောက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဟောင်ကောင်နောက်ခံလူများ ကာကွယ်နေစဉ်။

အရှုံး၊အနိုင်မပေါ်ခဲ့သည့်မြန်မာ – ဟောင်ကောင်ခြေစမ်းပွဲ

ရန်ကုန် စက်တင်ဘာ ၆

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့သည် ယနေ့ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားကြသည်။

မြန်မာ့လက်ရွေးစင် - ဂိုးမရှိ
ဟောင်ကောင်လက်ရွေးစင်- ဂိုးမရှိ

အာဖရိကကစားသမားနှစ်ဦး၊ အင်္ဂလန်နိုင်ငံသားနှစ်ဦး တို့ကို မွေးစားသားအဖြစ် ခံယူစေကာ ထည့်သွင်းထားသည့် ဟောင်ကောင်အသင်းမှာ ယခုပွဲတွင် မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဟောင်ကောင်အသင်းမှာ ဂိုးရနိုင်သည့် အခွင့်အရေးများစွာကို ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ မြန်မာဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ဟောင်ကောင်အသင်း နိုင်ပွဲနှင့်ဝေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ လူစုံအသုံးပြုပြီး ကစားခဲ့သော်လည်း သက်ကြီးကစားသမားများပြားနေ၍ ဟောင်ကောင်အသင်းကို လျင်မြန်မှုအပိုင်းတွင် မယှဉ်နိုင်ခဲ့သလို ရရှိသည့်အခွင့်အရေးများကိုလည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာ့လက်ရွေးစင်အသင်းမှာ ဂိုး-သီဟစည်သူ၊ နောက်တန်း- **စာမျက်နှာ ၃ ကော်လံ ၁ သို့❑**

ခန္တီးနှင့် ဟုမ္မလင်းမြို့တို့ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၆

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၈ စင်တီမီတာ (ပေဝက်ခန့်)တွင် ရောက်ရှိနေပြီး နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကာ ဟုမ္မလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇၂ စင်တီမီတာ(၂ ပေခွဲခန့်)တွင် ရောက်ရှိနေ၍ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြေးမုံစာတည်းရှေ့ထောင့် — ၇-၉-၂၀၁၃၊ စနေနေ့

ဝေဖန်ရေး

လွတ်လပ်ပွင့်လင်းလာသော ယနေ့ခေတ်ကာလ၌ လူမှုအဖွဲ့အစည်းများ အတွင်း တွင်ကျယ်ခေတ်စားလာသော စကားသုံးလုံးမှာ "ဝေဖန်ရေး"ဟုဆိုကြပါသည်။

ဝေဖန်ခြင်းဆိုသော စကားအဓိပ္ပာယ်၏ သဘောသဘာဝကို သုံးသပ်ကြည့်လျှင် တစ်စုံတစ်ဦးကိုဖြစ်စေ၊ အကြောင်း အရပ်တစ်ခုကိုဖြစ်စေ ကောင်းသော အခြေအနေ၊ မကောင်းသောအခြေအနေဟူ၍ ပိုင်းခြားသုံးသပ်တွေ့ရှိထားသမျှတို့အပေါ် မူတည်ကာ ဆန်းစစ်မှုပြုလုပ်ခြင်းဖြစ်ပေသည်။

ဝေဖန်သည်ဟုဆိုရာတွင် လူတစ်ဦးတစ်ယောက်ကို ပုဂ္ဂိုလ်ရေးအရ ဝေဖန်ခြင်း၊ အဖွဲ့အစည်းတစ်ရပ်၏ အားသာချက်၊ အားနည်းချက်တို့ကို ဖော်ထုတ်ဝေဖန်သုံးသပ်ခြင်းဟူ၍ အပိုင်းနှစ်ပိုင်းတွေ့ရမည်ဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရဝေဖန်ခြင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဝေဖန်မှုဖြစ်စေ အကြောင်းအရာ အချက်အလက်မှန်ကန်မှုနှင့် အလွန်အကျွံထိခိုက်နစ်နာမှု မရှိစေရန် အထူးသတိပြုသင့်ပေသည်။

လူ၏သဘောသဘာဝမှာ သူတစ်ပါးမကောင်းကြောင်းပြောရလျှင် ရေပက်မဝင် အားပါးတရပြောတတ်သော်လည်း မိမိအကြောင်း မကောင်းပြောလျှင်မှု မခံချိမခံသာ ဘဝင်မကျနှင့် အဆုံးစွန်တွင် ဒေါသအိုးပေါက်ကွဲသည်အထိ ဖြစ်ပွားတတ်လေသည်။

ယုတ်စွအဆုံး မိမိအား မကောင်းပြောခြင်း၊ အပြစ်တင်ခြင်း၊ ရှုတ်ချခြင်းတို့သည် ရင့်ကျက်မှုနည်းပါးသည့် သာမန်လူတို့အနေအထားအရ ယင်းကို မကြားလို၊ မတွေ့ကြုံလိုကြပေ။ သာမန်လူတို့ဟူသည် သည်းခံခြင်းစိတ်ထား၊ ဥပေက္ခာပြုနိုင်မှုစွမ်းအား နည်းပါးသောကြောင့်ဖြစ်သည်။

လက်ရှိကာလတွင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဝေဖန်ခွင့်များ ရှိလာသောကြောင့် ကျွန်ုပ်တို့၏ အပြုအမူနှင့်လုပ်ဆောင်ချက်များ မမှန်ကန်လျှင်၊ အားနည်းချက်များရှိလျှင် ပြစ်တင်ဝေဖန် ရှုတ်ချခံရနိုင်သည်ကို နားလည်လက်ခံထားရမည်ဖြစ်သည်။ ဝေဖန်ခံရသူအဖို့ စိတ်ရှည်သည်းခံ ဇွဲသန်သန်ဖြင့် မိမိကိုယ်ကိုသာ ပြုပြင်တည့်မတ်ထိန်းကျောင်းပေးရမည်ဖြစ်ပေသည်။ မိမိကို ဝေဖန်သူအား ပြန်လည်အမုန်းထား အာဃာတစိတ် မပွားမိဖို့ သတိပြုရမည်ဖြစ်ပေသည်။

ဝေဖန်ရေးအလုပ်သည် အပြောလွယ်သလောက် အလုပ်ခက်သောအရာဖြစ်၍ ဝေဖန်မည့်သူများဘက်ကလည်း တိကျခိုင်မာသော သက်သေအထောက်အထားရှိမှသာ အပြုသဘောဆောင်သော ကောင်းသောစိတ်ထားနှင့် ဝေဖန်မှုကို ပြုသင့်ကြပေသည်။

အကောင်းမြင်သဘောကို မဆောင်ဘဲ အပျက်သဘောကိုဆောင်ကာ ဝေဖန်တိုက်ခိုက်မှုမျိုးကို ပြုလုပ်မိပြီဆိုပါက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြားပြီး အချင်းချင်းမညီညွတ်မှုများ တိုးပွားလာကာ နောက်ဆုံးတွင် ပျက်စီးချုပ်ငြိမ်းသွားတတ်ပေသည်။ ထိုသို့ ပျက်စီးတတ်ကြောင်းကိုလည်း သမိုင်းအထောက်အထားအတွေ့အကြုံများ ရှိထားပြီးဖြစ်၍ သတိတရား လက်ကိုင်ထားကြရမည်ဖြစ်သည်။

အကောင်းဆုံးသောနည်းလမ်းမှာ ဝေဖန်ရေးသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု တည့်မတ်မှန်ကန်ရေးကို ရှေးရှုပြီး အပြုသဘောဆောင်ကာ ကောင်းသော လမ်းမှန်ပြခြင်းသာဖြစ်သင့်ပေသည်။ ဝေဖန်သူကလည်း ထိုသို့ရှေးရှု၊ ဝေဖန်ခံရသူကလည်း နားလည်သည်းခံ အမှန်ပြုပြင်သွားကြမည်ဆိုလျှင် ဤလူ့ဘောင်လောကကြီး သာယာဝပြောလာမည်မှာ မလွဲဧကံဖြစ်သည်။

ထိုသို့မဟုတ်မူဘဲ ငါနှင့်မတူငါ့ရန်သူဟု သဘောမူပိုက်ပြီး သည်းခံခြင်းဘောင်ကို ကျော်လွန်လာအောင် ဝေဖန်မှုပြုနေပါလျှင် အကောင်းဘက်သို့ မရောက်နိုင်ဘဲ အဆိုးဘက်သို့ဆိုက်ကာ မဆုံးနိုင်သည့်သံသရာတွင် ကျင်လည်နေမည်သာဖြစ်သည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအား ကောင်းမွန်စေလိုခြင်း၊ တည့်မတ်ပေးလိုခြင်းသည် ကောင်းမြတ်သော မုဒိတာစိတ်ထားဖြစ်ပေ၍ သဘာဝကျကျပြုပြင်လုပ်ဆောင်နိုင်သော ကောင်းမွန်သည့် ဝေဖန်မှုများဖြင့် အပြုသဘောဆောင် အကောင်းမြင်စိတ်ထား၍ ဝိုင်းဝန်းအကြံပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

မိုးညှင်းမြို့နယ်၌ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ပေးအပ်

မိုးညှင်း စက်တင်ဘာ ၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၏ ဟိုပင်မြို့နယ်ခွဲအတွင်း တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ သိမ်းဆည်းထားရှိသည့် လယ်ယာမြေများအား ပြန်လည်ပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက်က ဟိုပင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ယခုလို ကျွန်မတို့လယ်တွေ ပြန်ရလို့ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်ကိုကျေးဇူးတင်ပါတယ်"ဟု လယ်ယာမြေသိမ်းဆည်းခံထားရသည့် တောင်သူတစ်ဦးက ရင်ဖွင့်ပြောဆိုသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးကလည်း "လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံထားရတဲ့ တောင်သူတွေအပါအဝင် ပြည်သူတွေနစ်နာမှု မရှိစေရေးအတွက် စိတ်ကောင်းစေတနာနဲ့ လွှတ်တော်က အထူးအလေးထားပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ ယခုလယ်ယာမြေပြန်လည်ရရှိတဲ့ တောင်သူများအနေနဲ့လည်း ဥပဒေနဲ့အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြဖို့လိုပါတယ်"ဟု သုံးသပ်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့နှင့်ဌာနဆိုင်ရာများက သိမ်းဆည်းထားသော လယ်ယာမြေ ၁၆၄ ဒသမ ၀၁ ဧကရှိသည့်အနက် တောင်သူငါးဦး၏ လယ်ယာမြေ ၅၁ ဒသမ ၉၂ ဧကကို ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ ပေးအပ်ခဲ့သည့်လယ်ယာမြေများမှာ ဒေါ်သန်းညို နန့်ရင်းကျေးရွာ ၉ ဒသမ ၇၃ ဧက၊ ဦးသန်းမောင် မြဇေယျာရပ်ကွက် ၁၃ ဒသမ ၇၉ ဧက၊ ဦးစိုးမင်းဦး မြဇေယျာရပ်ကွက် ၇ ဒသမ ၈၂ ဧက၊ ဒေါ်မဝင်း နန့်ရင်းကျေးရွာ ၉ ဒသမ ၄၅ ဧကနှင့်ဦးလွမ်းဇောင်း မြဇေယျာရပ်ကွက် ၁၁ ဒသမ ၁၃ ဧကတို့ဖြစ်ကြောင်းသိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင် သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန် ရွှေဈေး	၇၁၆၃၀၀	- ၇၁၇၃၀၀
မန္တလေး ရွှေဈေး	၇၁၆၃၀၀	- ၇၁၇၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၇၅. ၅
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၀. ၂၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၈၃
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၀၅၁
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၃. ၉၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၄. ၇၂၄
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၇၂. ၆၃
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၈. ၆၅၀
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၈. ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

●ရွှေဖုံးမှ

အကျိုးဖြစ်ထွန်းမှု အကောင်းဆုံးရရှိရေး၊ အားကစားပွဲကြီး ကြိုတင်ပြင်ဆင်ရာတွင်လည်းကောင်း၊ ကျင်းပရာတွင်လည်းကောင်း၊ လုပ်ငန်းစနစ်၊ လုပ်ငန်းလည်ပတ်မှုယန္တရားနှင့် စီမံခန့်ခွဲမှုတို့တွင် တီထွင်ဖန်တီးမှုစံနမူနာကောင်း ပြသနိုင်ရေးတို့အတွက် လက်တွေ့ကျပြီး ထိရောက်သောကြိုးပမ်းအားထုတ်မှု ပြုလုပ်သွားရေး၊ မြန်မာ့ယဉ်ကျေးမှု၏ လေးနက်သိမ်မွေ့မှုနှင့် ချစ်ခင်နှစ်လိုဖွယ်ရှိမှုကို ဖော်ကျူးနိုင်သည့် ဖျော်ဖြေရေးအစီအစဉ်များကို ကမ္ဘာသိတင်ဆက်နိုင်ရေး၊ အထူးသဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများအား အားကစားနှင့် အနုပညာရသမြောက်စွာ ပေါင်းစပ်တင်ဆက်နိုင်ရေး စသည့်အချက်များကို ရည်မှန်းချက်များအဖြစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းလမ်းညွှန်တွင် ချမှတ်ပေးထားခဲ့ပါကြောင်း၊ အားကစားနေရာများပြင်ဆင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း၍ အစိမ်းရောင်အားကစားပွဲအဖြစ် ဖန်တီးခြင်း၊ အဆင်ပြေဘေးကင်းလုံခြုံသည့် မြို့ပြပို့ဆောင်ရေး ကွန်ရက်စနစ်များ ထူထောင်ခြင်း၊ အားကစားပွဲဆိုင်ရာ သတင်းဝန်ဆောင်မှုအတွက် ခေတ်မီ ICT စီမံခန့်ခွဲမှုစနစ်တည်ဆောက်ခြင်း၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ အိုလံပစ်ပဋိညာဉ်နှင့် စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သည့် ဥပဒေရေးရာပတ်ဝန်းကျင် ထူထောင်ခြင်း၊ လူထုပူးပေါင်းပါဝင်မှုအတွက် လှုံ့ဆော်စည်းရုံးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အဆိုပါ လုပ်ငန်းလမ်းညွှန်တွင် အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းလမ်းညွှန်ချက်အတိုင်း ကော်မတီအသီးသီးက အရှိန်အဟုန်မပျက် အကွက်စေ့စေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိသည်ကို အားတက်ဖွယ်တွေ့ရှိရပါကြောင်း၊ လုပ်ငန်းစဉ်တိုင်းအတွက် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့် ဆိုရိုးစကားအတိုင်း ဇာတ်တိုက်လေ့ကျင့်ပြင်ဆင်မှု ပြုလုပ်သွားပြီး ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းလက်ကျန်များကိုလည်း အချိန်ဇယားရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့က မြန်မာ့အားကစား အောင်နိုင်ရေးနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းဆိုင်ရာများအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ဆောင်ရန် ကျန်ရှိနေသေးသည့်ကိစ္စရပ်များနှင့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ၊ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ ကော်မတီအလိုက် လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့်ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးတင်ပြကြရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညွန့်ထွန်းက ကော်မတီတစ်ခုချင်းစီ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑အနိုင်အရှုံးမှ

မင်းမင်းထူး၊ ဝင်းမင်းထွဋ်၊ မိုးဝင်း၊ ခင်မောင်လွင်၊ အလယ်တန်း- အောင်မြင့်အေး (နေဇော်ထက်)၊ ပိုင်စိုး၊ ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ရှေ့တန်း-ရန်ပိုင် (မိုင်အိုက်နိုင်) နှင့် စိုးမင်းဦးတို့ ပါဝင်ကစားခဲ့သည်။

နိုင်ငံတော်ဘဏ္ဍာငွေ ပြည်ပအကူအညီအထောက်အပံ့ချေးငွေများကို စနစ်တကျ စုစည်းပေါင်းစပ် ဦးစားပေးအစီအစဉ်၊ ဦးစားပေးဒေသနှင့် ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ဘတ်ဂျက်ခွဲဝေမှု၊ သုံးစွဲမှုဆိုင်ရာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ရေး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်နှင့် ဆောင်ရွက်မည့် အစီအစဉ်၊ လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှု ရယူမည့် အကူအညီ အထောက်အပံ့ဆိုင်ရာ အဆိုပြုကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ္ဍာငွေ အသုံးစရိတ်လိုငွေလျော့နည်းမှုနှင့် စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှုကို ဖြစ်ပေါ်စေမည့် Corporatization, Privatization လုပ်ဆောင်ရန် အစီအစဉ်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေသုံးစွဲမှုကို ပြန်လည်စိစစ်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ တိုက်ရိုက်ခွင့်ပြုပေးနိုင်သည့် လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဘဏ္ဍာငွေများအား စိစစ်ခြင်းများ ပြုလုပ်၍ ရရှိသော ခန့်မှန်း ဘဏ္ဍာငွေအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ခွဲဝေရရှိသည့် ဘဏ္ဍာငွေတွင် ထည့်သွင်းရေးဆွဲခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အနေဖြင့်လည်း ခွဲဝေပေးသည့်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများက ခွဲဝေပေးမည့် လုပ်ငန်းများအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်များက အမှန်တကယ် တာဝန်ယူ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား အပြန်အလှန် ညှိနှိုင်းပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲမည့် အခြေအနေများနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးကြရန် အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စု၏ ရငွေသုံးငွေများ၊ တိုင်းဒေသကြီး/ပြည်နယ်၏ ရသုံးငွေများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများ ပြုစုရေးဆွဲရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှု အချိုးအစားများ သင့်တင့်မျှတမှုသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည့် အစိုးရဌာနစီးပွားရေးလုပ်ငန်းများကို ပြန်လည်စိစစ်ပြီး ဘဏ္ဍာငွေ အသုံးစရိတ် လိုငွေလျော့နည်းရေးနှင့် စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည်တိုးတက်ရေးအတွက် လုပ်ဆောင်ရန် အစီအစဉ်ရှိသည့် ဌာနများအနေဖြင့် ဥပဒေမူဘောင် ရေးဆွဲပြဌာန်းပြီး လုပ်ငန်းစီမံကိန်းများ ရေးဆွဲတင်ပြ၍ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာ အစီအမံတင်ပြ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ပြည်ပအကူအညီ အထောက်အပံ့ချေးငွေများကို စနစ်တကျ စုစည်းပေါင်းစပ်၍ ဦးစားပေးအစီအစဉ်၊ ဦးစားပေးဒေသနှင့် ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနဦးနိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုနှင့် ပါဝင်မှုအချိုးနှင့် ပတ်သက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးများ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဌာနအလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်အချိုးကို နယ်မြေအခြေအနေနှင့် လုပ်ငန်းသဘာဝအပေါ် မူတည်ပြီး ပိုမိုခွဲဝေပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အမှန်တကယ် အကောင်အထည်ဖော်ရန် လိုအပ်သည့် စီမံကိန်းနှင့် စီမံချက်များကိုသာ စီမံကိန်းလျာထားချက်ထဲတွင် ထည့်သွင်းဖော်ပြ ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဆီးပလိန်းလေယာဉ်အုပ်ထူထောင်ရန် ဗီယက်နမ်ရေတပ် ထုတ်ပြန်ကြေညာ

ဟန်္နိုင် စက်တင်ဘာ ၆

ဗီယက်နမ်ရေတပ်သည် ဆီးပလိန်း(ခေါ်)ရေပေါ်တွင် ဆင်းနိုင်တက်နိုင်သော လေယာဉ်အုပ်ကို ထူထောင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးပလိန်းလေယာဉ်အုပ် ထူထောင်မည့် အထိမ်းအမှတ်အခမ်းအနားကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ပေါင်းမြို့ရှိ စစ်စခန်း၌ စက်တင်ဘာ ၅ရက်က ကျင်းပခဲ့သည်။

ဒီအိပ်ချ်စီ-၆ ဆီးပလိန်း စစ်လေယာဉ်အုပ်ကို ဖွဲ့စည်းထူထောင်တော့မည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ်ဖြစ်သူ ဒုတိယရေတပ်ဗိုလ်ချုပ် ဖန်ငပ်မင်းက ပြောကြားသည်။

ဖွဲ့စည်းထူထောင်

အဆိုပါစစ်လေယာဉ်အုပ်နှင့် အီးစီ-၂၂၅ စစ်ရဟတ်ယာဉ်အုပ်တို့သည် ခေတ်မီရေတပ် ထူထောင်ရေးအတွက် အရေးပါသော ခြေလှမ်းများဖြစ်ကြောင်း၊ မိမိတို့၏ ပိုင်နက်ရေပြင်နှင့် ကျွန်းများကို ကာကွယ်စောင့်ရှောက်ရာတွင် ရေတပ်စွမ်းပကားမြင့်မားတိုးတက်ရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ ဗီယက်နမ်ရေတပ်သည် အီးစီ-၂၂၅ စစ်ရဟတ်ယာဉ်အုပ်ကို ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၂၅ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။

ဗီယက်နမ်ရေတပ်တွင် ထူထောင်မည့် ဆီးပလိန်းလေယာဉ်အုပ်အတွက် လေယာဉ်မှူးရှစ်ဦးကို ကနေဒါနိုင်ငံတွင် လေ့ကျင့်သင်တန်းပေးခဲ့ရာ ဇူလိုင် ၁၀ရက်တွင် သင်တန်းပြီးဆုံးခဲ့ပြီဖြစ်သည်။

ဗီယက်နမ်ရေတပ်သည် ကနေဒါနိုင်ငံ ဗိုက်ကင်းအဲလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီထံမှ ဆီးပလိန်းလေယာဉ်များဝယ်ယူရန် ကန်ထရိုက်စာချုပ်ကို ၂၀၁၀ပြည့်နှစ် မေလတွင် လက်မှတ်ရေးထိုးခဲ့သည်။ **ဆင်ဟွာ။**

ရေမျက်နှာပြင်ပေါ် ဆင်းနိုင်၊တက်နိုင်သော ဆီးပလိန်းလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

မန်ဒရင်းဘာသာစကား မပြောဆိုတတ်သူဦးရေ လူသန်း ၄၀၀ ခန့် တရုတ်နိုင်ငံတွင် ရှိနေ

ပေကျင်း စက်တင်ဘာ ၆

တရုတ်နိုင်ငံတွင် အမျိုးသားဘာသာစကား ပြောဆိုနိုင်ခြင်းမရှိသူဦးရေမှာ တရုတ်နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်း သို့မဟုတ် သန်း ၄၀၀ ခန့်ရှိနေကြောင်း တရုတ်ပညာရေးဝန်ကြီးဌာနက ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ မန်ဒရင်းဘာသာစကားကို ပြောဆိုသုံးစွဲကြသော်လည်း အများစုမှာ ကောင်းမွန်စွာ တတ်ကျွမ်းခြင်းမရှိဟု တရုတ်ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။ တရုတ်အစိုးရ၏ တရားဝင်ခွင့်ပြုချက်အရ တရုတ်တစ်နိုင်ငံလုံးတွင် ဘာသာစကားဖြင့် စုစည်းညီညွတ်မှု တည်ဆောက်ရန် နောက်ထပ်တွန်းအားပေး ဆောင်ရွက်သွားမည်ဟုဆိုသည်။

တရုတ်နိုင်ငံတွင် ထောင်နှင့်ချီသော ဒေသစကားနှင့် လူနည်းစုသုံး ဘာသာစကားများစွာရှိနေသည်။

ယင်းတို့အထဲတွင် ကန်တုန်ဘာသာစကားနှင့် ဟော့ကီရမ်ဘာသာစကားများမှာ ဒေသများအတွင်း အတွင်ကျယ်ဆုံးဘာသာစကားများဖြစ်သည်။ တရားဝင်အားဖြင့် မန်ဒရင်းဘာသာစကားဟု ခေါ်တွင်ပြီး တရုတ်နိုင်ငံ၌ ပူတုန်းဟွားဟုခေါ်ဆိုသည့် အများသုံးဘာသာစကားမှာ ကမ္ဘာပေါ်တွင် လူသုံးအများဆုံး ဘာသာစကားများထဲ၌ တစ်ခုအပါအဝင်ဖြစ်သည်။

မန်ဒရင်းဘာသာစကား တိုးမြှင့်ပြောဆိုနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ကျေးလက်ဒေသများနှင့် လူမျိုးနွယ်စု လူနည်းစုဒေသများ၌ တွန်းအားပေးဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ အာဏာပိုင်စိုးလာသည့် တရုတ်ကွန်မြူနစ်ပါတီအစိုးရက ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဖြစ်သော ယင်းနိုင်ငံ၏စုစည်းညီညွတ်မှုရစေရေးအတွက် မန်ဒရင်းဘာသာစကားကို နိုင်ငံတစ်ဝန်း သုံးနှုန်းပြောဆိုလာမှု မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံ ဟောင်ကောင်ရှိ မန်ဒရင်း ဘာသာစကား သင်တန်းကျောင်း၌ ပညာဆည်းပူးနေကြသော နိုင်ငံခြားသားများကို တွေ့ရစဉ်။



တရုတ်နှင့် ဂျပန် ခေါင်းဆောင်နှစ်ဦး ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံ

စိန့်ပီတာစဘတ် စက်တင်ဘာ ၆

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမစတင်မီ ဂျပန်နှင့် တရုတ်နိုင်ငံတို့၏ ခေါင်းဆောင်များသည် သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် မမျှော်လင့်ဘဲ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်၍ စကားပြောဆိုခဲ့ကြကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ၂၀၁၃ ခုနှစ် မတ်လနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလများတွင် အသီးသီး အာဏာရရှိခဲ့ကြပြီးနောက် တွေ့ဆုံမှုမရှိခဲ့သေးပေ။

နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်းကြောင့် တင်းမာလာခဲ့သည်။ အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဂျပန်ဘာသာဖြင့် ရှင်ကာကူ၊ တရုတ်ဘာသာဖြင့် ဒိုင်အိုယူဟုခေါ်သည့်ကျွန်းစုများကို နှစ်နိုင်ငံလုံးကပိုင်ဆိုင်ကြောင်း ကြေညာထားကြပြီး လက်ရှိအခြေအနေမှာ ဂျပန်၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။

ကြာသပတေးနေ့၌ ထိပ်သီးအစည်းအဝေးဖွင့်လှစ်ခြင်းမပြုမီ ခေါင်းဆောင်နှစ်ဦးသည် လေးမိနစ်ကျော် ငါးမိနစ်ကြာမျှ တွေ့ဆုံခဲ့ကြသည်ဟု ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

မဟာဗျူဟာကျသည့် နှစ်ဦးနှစ်ဖက် အကျိုးရှိသော ကနဦးဆက်ဆံရေးအနေအထားသို့ ပြန်သွားခြင်းအားဖြင့် တရုတ်-ဂျပန်ဆက်ဆံရေး တိုးတက်စေမည်ဟု ၎င်းတို့က ထင်မြင်ယူဆကြောင်း အာဘေးက ရှီသို့ ပြောကြားခဲ့သည်ဟု ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်-ဂျပန် ဆက်ဆံရေးသည် ၎င်းတို့တွေ့မြင်ရန် အလိုမရှိသော ကြီးမားသောအခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု ရှီက ပြောခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ **ဘီဘီစီ။**



အာဖဂန်တွင် လမ်းဘေးဗုံးကွဲ အရပ်သားနှစ်ဦး သေဆုံး

မက်တာလန် စက်တင်ဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံ ကဘူး အရှေ့ဘက်မှ ကီလိုမီတာ ၉၀ ကွာဝေးသော လက်ဂ်မန်းပြည်နယ် မက်တာလန်မြို့တွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ အရပ်သားနှစ်ဦး သေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်သည်။

စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က အလီရှင်းခရိုင်တွင် အရပ်သားကားတစ်စီး မောင်းနှင်လာစဉ် စစ်သွေးကြွများ ထောင်ထားသော လမ်းဘေးဗုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ ပဋိပက္ခများကြောင့် အရပ်သား ၁၃၁၉ ဦး သေဆုံး၍ ၂၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**

နိုင်ငံတကာသတင်း

အေဝမ်းစိုး

ဆီးရီးယားအရေးအာရုံစိုက်ရန် ကာလီဖိုးနီးယားခရီးစဉ်ဖျက်လိုက်သည့် အိုဘားမား

စိန့်ပီတာစဘတ် စက်တင်ဘာ ၆

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဆီးရီးယားနိုင်ငံအရေးကိစ္စကို အာရုံစူးစိုက်ရန် ကာလီဖိုးနီးယားခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။ အိုဘားမားသည် လာမည့် သီတင်းပတ်တွင် ကာလီဖိုးနီးယားသို့သွားရောက်ရန်ရှိသော်လည်း ဆီးရီးယားကို တိုက်ခိုက်ရန် လွှတ်တော်၏ဆုံးဖြတ်ချက်နှင့်အတူ ဆောင်ရွက်စရာများရှိသည့်အတွက် ဝါရှင်တန်တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အိမ်ဖြူတော်က စက်တင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အိုဘားမားသည် ယခုတစ်ပတ် ဆွီဒင်နှင့်ရုရှားနိုင်ငံသို့ ခရီးသွားနေစဉ်အတွင်း ဆီးရီးယားကို တိုက်ခိုက်ရန် ဇဝေဇဝါဖြစ်နေသည့် လွှတ်တော်အမတ်များအား ဖုန်းဖြင့်ဆက်သွယ်ကာ ဖိအားပေးတိုက်တွန်းခဲ့သည်။ ၎င်း၏ ထိပ်တန်းအရာရှိများကလည်း လွှတ်တော်၏ ထောက်ခံချက်ရရှိရန် မဲဆွယ်လျက်ရှိသည်။ **အေပီ။**

ကုလသမဂ္ဂတွင် အီရန်သမ္မတ မိန့်ခွန်းပြောမည်

နယူးယောက် စက်တင်ဘာ ၆

အီရန်သမ္မတသစ် ဟက်ဆန် ရိုဟာနီသည် ယခုလတွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ကုလသမဂ္ဂက နှစ်စဉ်ကျင်းပသည့် အထွေထွေညီလာခံကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အမေရိကန်သမ္မတ ဘာရက်အိုဘားမား ပြောကြားပြီးနောက် အီရန်သမ္မတ ဟက်ဆန် ရိုဟာနီပြောကြားရန် စီစဉ်ထားသည်။

ရိုဟာနီသည် ယခင်အီရန်သမ္မတဟောင်း အာမတ်ဒီနီဂျက်ထက် သဘောထားပျော့ပျောင်းသော အလယ်အလတ်သမားအဖြစ် ယူဆရပြီး ဇွန်လအတွင်းက ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အာမတ်ဒီနီဂျက်သည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့က ဂျူးများကိုအစုလိုက်အပြုံလိုက်မီးလောင်တိုက်သွင်းသတ်ဖြတ်ခဲ့မှုနှင့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် လေယာဉ်အပိုင်စီးအကြမ်းဖက်တိုက်ခိုက်မှုတွင် တာဝန်ရှိသူများ၏ ရှင်းလင်းချက်ကို မေးခွန်းထုတ်လေ့ရှိသူဖြစ်သည်။

အီရန်နိုင်ငံသည် ၎င်း၏ သံသယဖြစ်ဖွယ် နျူကလီးယားအစီအစဉ်ကြောင့် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုဒဏ်ခံနေရသည့်နိုင်ငံဖြစ်သည်။ **အေပီ။**

အိန္ဒိယစာရေးဆရာမ အာဖဂန်စစ်သွေးကြွများ၏ သတ်ဖြတ်ခြင်းခံရ

ကဘူး စက်တင်ဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံရှိ စစ်သွေးကြွများသည် အာဖဂန်တစ်ယောက်၏ လက်ထပ်ခြင်းနှင့် တာလီဘန်တို့လက်အောက်ကဘဝများနှင့် ဆိုင်သော ဘောလိဝုဒ်ရုပ်ရှင်ကားဖန်တီးရိုက်ကူးခဲ့သူ အိန္ဒိယစာရေးဆရာမတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ဆူရှာမီတာ ဘာနာဂျီး သတ်ဖြတ်ခံရမှုသည် အာဖဂန်နစ္စတန်နိုင်ငံတွင် ထင်ရှားသည့်အမျိုးသမီးများ တိုက်ခိုက်ခံရမှုများအနက် နောက်ဆုံးပြစ်မှုတစ်ခုဖြစ်ပြီး အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများက အမေရိကန်ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့များ ထွက်ခွာသွားပါက တာလီဘန်များ တစ်စခန်းထလာမည်ကို စိုးရိမ်နေကြသည်။

တာလီဘန်စစ်သွေးကြွများသည် ပတ်ခ်တီကာပြည်နယ်ရှိ ဘာနာဂျီး၏ နေအိမ်သို့ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင်ရောက်ရှိလာပြီး ၎င်း၏ ခင်ပွန်းကို ကြိုးဖြင့်တုပ်နှောင်ကာ သူထွက်လာသည့်အခါ ပစ်ခတ်သတ်ဖြတ်သွားခြင်းဖြစ်ဖွယ်ရှိသည်ဟု ပြည်နယ်ရဲအရာရှိက ပြောကြားသည်။

ဘာနာဂျီးသည် ၂၀၀၃ ခုနှစ်က Escape from Taliban ဇာတ်ကားရိုက်ကူးခဲ့သည့် Kabuliwala's Bengali Wife စာအုပ်ကိုရေးသားခဲ့သူဖြစ်သည်။ **အေပီ။**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

နေပြည်တော် စက်တင်ဘာ ၆

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ASEAN Energy Award 2013 တွင် Energy Management 1st Prize(Winner) ဆုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် အရာရာတိုးတက်ပြောင်းလဲနေသည့် ယနေ့ခေတ်တွင် ပညာထူးချွန်၍ နည်းပညာများကျွမ်းကျင်တတ်မြောက်မှသာ လျှင် မိမိနှင့် မိသားစုမှအစ နိုင်ငံတော်အထိ တိုးတက်ဖွံ့ဖြိုးအောင်တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းရွက်နိုင်မည်ဆိုတာကို နှလုံးသွင်းပြီး ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသည့်သူတွေကသာလျှင် မိမိနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှာဖြစ်သည့်အတွက် စာတော်နေရုံနှင့်မပြီးဘဲ အသိဉာဏ်ပညာကြွယ်ဝသည့် လူကောင်းလူတော်များဖြစ်ရန် ကြိုးစားအားထုတ်ကြရန် လိုကြောင်းပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ လေးဦးတို့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ASEAN Energy Award 2013 တွင် Energy Management 1st Prize (Winner) ဆုရ အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)နှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၉၁ ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဖွင့်ရာသီတွင် မူလတန်း ၂၉၉၉ ဦး၊ အလယ်တန်း ၂၄၇၀ ဦးနှင့် အထက်တန်း ၁၂၂၀ ဦး စုစုပေါင်း ၆၆၉၀ ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ထမင်းချိုင့်နှင့် ကျောင်းစရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာရေးဆရာအသင်း တက္ကသိုလ်ဝင် ပညာရည်ချွန်ဆု ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံစာရေးဆရာအသင်း အသင်းဝင်များ၏ ရင်သွေးများမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အသင်းရုံးရှိရာ အမှတ်(၅၂၉/၅၃၁)၊ (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခြောက်ဘာသာဂုဏ်ထူး ရရှိသူများမှ သုံးဘာသာဂုဏ်ထူးရရှိသူများအထိ ထူးချွန်ကျောင်းသား ကျောင်းသူများအား အဆိုပါအခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ပြီး ကျန်ကျောင်းသား ကျောင်းသူများအား မြို့နယ်စာရေးဆရာ အသင်းများမှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်သည်။ ကိုယ်တိုင်ထူးချွန်ဆုယူရမည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ရောက်ရှိကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးသို့ ကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၃၈၅၂၇၃နှင့် ၀၁-၂၅၂၄၃၇ သို့ ဖြစ်စေ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး ခေါင်းဆောင်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုရီးယားနိုင်ငံ Sancheong ပြည်နယ်တွင် ကျင်းပသော World Traditional Medicine Fair and Festival သို့ မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပါဝင်ပြသရန်အတွက် စက်တင်ဘာ ၄ ရက်က ကိုရီးယားလေကြောင်းဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (တိုင်းရင်းဆေး)



နိုင်ငံရေးနှင့် မီဒီယာ

မင်းဗထူး

အများပြည်သူအကျိုးစီးပွား

လူထုဆက်သွယ်ရေးလုပ်ငန်းတွင် အများပြည်သူအကျိုးစီးပွားအတွက် တိကျသေချာသော အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်ကို ရေးသားမယ်ဆိုလျှင် အငြင်းပွားစရာ အများအပြားရှိပါလိမ့်မယ်။ သို့ရာတွင် “လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်နှင့် လူ့အဖွဲ့အစည်းဝင်များအတွက် နှစ်ကာလရှည်ကြာစွာ ကောင်းကျိုးချမ်းသာဖြစ်ပေါ်စေခြင်း”ဆိုတဲ့ အနှစ်သာရကိုတော့ ငြင်းပယ်မယ့်လူ နည်းပါလိမ့်မယ်။ မတူညီသော လူ့အဖွဲ့အစည်းများက မတူညီသော အမြင်များရှိနေလင့်ကစား အထက်ပါ အနှစ်သာရကိုယူ၍ လူထုဆက်သွယ်ရေးလုပ်ငန်း၏ အများပြည်သူအကျိုးစီးပွားဆိုသည်မှာ လူထုဆက်သွယ်ရေးလုပ်ငန်းများကို အကာအကွယ်ပေးရန်၊ ထိန်းကျောင်းပေးရန်နှင့် မြှင့်တင်ပေးရန်ဟု ဖော်ပြလျှင်မူ လက်ခံနိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ အကယ်၍ ထိန်းကျောင်းပေးရန်ဆိုသည့် စကားလုံးကို ချုပ်ချယ်ခြင်း(သို့မဟုတ်) ဟန့်တားခြင်းလို့ အမြင်ရှိနေကြမယ်ဆိုလျှင်လည်း လူထုဆက်သွယ်ရေးလုပ်ငန်း၏ သမိုင်းကြောင်းနှင့် ဆက်စပ်စဉ်းစားကြည့်ကြစေလိုပါတယ်။ ရှေးပဝေသဏီခေတ်ကတည်းက လူထုဆက်သွယ်ရေးလုပ်ငန်းများဟာ မြစ်ကြောင်းများ၊ လှည်းလမ်းများ၊ တောင်ကြားလမ်းများ၊ တံတားများ၊ တူးမြောင်းများ၊ သင်္ဘောဆိပ်များ တည်ဆောက်ဖောက်လုပ်ပြီး ၎င်းလမ်းကြောင်းများကို အများပြည်သူက ထိန်းကျောင်းပေးခဲ့ရတာပဲ မဟုတ်ပါလား။ ခေတ်သစ်လူထုဆက်သွယ်ရေးမီဒီယာလုပ်ငန်းဆိုသည်မှာလည်း အထက်ပါအတိုင်း ရှေးအစဉ်အဆက်က တည်ရှိခဲ့သော လူထုဆက်သွယ်ရေးလုပ်ငန်းများအပေါ်မှာ အခြေခံပြီး ခေတ်ကာလအလိုက် ပိုမိုဆန်းသစ်ပြီး ပိုမိုစုံလင်စွာ ပါဝင်သော အလွှာသစ်များ ထပ်မံဖြည့်တင်းခဲ့ကြခြင်းသာလျှင် ဖြစ်တယ်လို့ မြင်မိပါတယ်။

လူထုဆက်သွယ်ရေးမီဒီယာအနေဖြင့် အများပြည်သူအကျိုးစီးပွားအတွက် ဆောင်ကြဉ်းပေးနိုင်သော အဓိကလုပ်ငန်းနယ် သုံးခုရှိပါတယ်။ နိုင်ငံရေး၊ လူမှုယဉ်ကျေးမှုနဲ့ စီးပွားရေးလုပ်ငန်းနယ်တို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မှုသည် လူထုအတွင်း၌ ကြီးမားကျယ်ပြန့်သော သတင်းမီဒီယာ အဆက်မပြတ် မရရှိဘဲ မျှတမှုမရရှိနိုင်ပါ။ မဲပေးရာတွင် လူအများစု၏ တက်ကြွသောပါဝင်မှုသည် ဒီမိုကရေစီရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် အနှစ်သာရတစ်ရပ်လည်းဖြစ်ပါတယ်။ မှန်ကန်သော ရွေးချယ်မှုဖြစ်လာစေရန် မဲဆန္ဒရှင်များအကြားနှင့် မဲဆန္ဒနယ်များအကြားမှာ သတင်းစီးဆင်းမှုများ မှန်ကန်မျှတမှုရှိရပါမယ်။ နိုင်ငံရေးမူဝါဒများ၊ အယူအဆသစ်များ၊ ဝေဖန်သောအမြင်များ ပေါ်ထွက်လာရပါမယ်။ နိုင်ငံရေးနှင့်ပတ်သက်လို့ ဒီလိုအခြေအနေတွေ အားလုံးမှာ ဘက်မလိုက်ဘဲ ဖြစ်ပေါ်လာစေရန်အတွက် မီဒီယာများအပိုင်းမှ လိုက်နာသင့်သော စည်းကမ်းနှင့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးသွားရန် လိုအပ်ပါတယ်။ ဒါဟာ နိုင်ငံရေးနဲ့ပတ်သက်သော အများပြည်သူ အကျိုးစီးပွားပါပဲ။

လူမှုယဉ်ကျေးမှုလုပ်ငန်းနယ်တွင် သတင်းပြန်ကြားပေးခြင်း၊ ဖြေဖျော်ပေးခြင်း၊ အနုပညာ အားကစား ပျော်ရွှင်မှုနဲ့ လူထုပညာပေးရေးလုပ်ငန်းများအထိ ပါဝင်ပါတယ်။ မီဒီယာက နိုင်ငံရဲ့ ပုံရိပ်၊ လူမျိုးနဲ့ ယဉ်ကျေးမှုပုံရိပ်တို့ကို ပုံဖော်ပေးနိုင်ပြီး ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများရဲ့အစုအဖွဲ့တစ်ခုချင်းအလိုက် မတူကွဲပြားမှုများကို လည်းကောင်း၊ ဘုံသဘောဆောင်သော တူညီမှုများနဲ့ ညီညွတ်မှုများကို လည်းကောင်း ရောင်ပြန်ဟပ် ဖော်ပြနိုင်ပါတယ်။ ဒီလိုဟာတွေကို လူမှုယဉ်ကျေးမှုဆိုင်ရာ အများပြည်သူ အကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးမီဒီယာက လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒီနေရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အရေးကြီးအချက်တစ်ခုက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးစုအားလုံး အပါအဝင်ဖြစ်စေရန်ပါပဲ။ ဒါ့ကြောင့် သက်ဆိုင်ရာလူမျိုးစုများကို ကိုယ်စားပြုသော တိုင်းရင်းသားမီဒီယာများ အားကောင်းလာစေရန် မဖြစ်မနေ လိုအပ်ပါတယ်။

အခုအခါ လူ့အဖွဲ့အစည်းများအကြားတွင် လူထုဆက်သွယ်ရေးမီဒီယာ၏ စီးပွားရေးဆိုင်ရာလုပ်ငန်း တန်ဖိုးရှိမှုများသည် တစ်နေ့တခြား တိုးတက်နေပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးပွားရေး၊ နိုင်ငံတကာဈေးကွက်၊ ငွေရေးကြေးရေး၊ အလုပ်အကိုင်အခွင့်အရေး၊ စားသုံးသူကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစသည်ဖြင့် အများပြည်သူ အကျိုးစီးပွားအတွက် များစွာလုပ်ပေးနိုင်ပါတယ်။ သတင်းမီဒီယာလုပ်ငန်းကိုယ်တိုင်က သတင်းအချက်အလက်များ ထုတ်လုပ်ပေးနေသော သီးခြားလုပ်ငန်းအဆောက်အအုံကြီးတစ်ခု ဖြစ်လာသကဲ့သို့ ကမ္ဘာ့သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအားယူ၍ အလွန်လျင်မြန်စွာ ကြီးထွားနေသော စီးပွားရေးအဆောက်အအုံကြီးတစ်ခုလည်း ဖြစ်နေပါတယ်။ ဒါကြောင့်လည်း မဏ္ဍိုင်ကြီးများမှာ တာဝန်ယူနေရတဲ့ တာဝန်ရှိသူများက အခြားသောစီးပွားရေးလုပ်ငန်းများကဲ့သို့ပဲ မီဒီယာနဲ့ သက်ဆိုင်တဲ့ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်ရခြင်းသည် ဘာမှထူးဆန်းသော အလုပ်မဟုတ်ပါ။

တာဝန်ရှိသူများဟာ ဆက်သွယ်ရေးနည်းပညာ၏ အသုံးဝင်မှုများကို အားပေးရန်အတွက် သီးခြားမူဝါဒများကိုလည်း ချမှတ်နေရပါတယ်။ ဥပမာ အာဆီယံဒေသတွင် ၂၀၁၅ လွန် ကာလ၌ ရုပ်သံလွှင့်အစီအစဉ်များ ဒစ်ဂျစ်တယ်ကူးပြောင်းရေး၊ တယ်လီဖုန်းသုံးစွဲမှုနှုန်း တိုးတက်ရေး၊ e-government၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနဲ့အတူ မြန်မာ့လူနေမှုဘဝ မြှင့်တင်ရေး စသည်ဖြင့်။ ယင်းမူဝါဒများတွင် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်အတွက်လည်း ရည်ရွယ်ချက်များ ပါရှိရပါတယ်။ ဥပမာ မူပိုင်ခွင့်ထိပါးခြင်း၊ ယဉ်ကျေးမှုကာကွယ်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး စသည်ဖြင့်။ တစ်ချိန်တည်းမှာပင် တာဝန်ရှိသူများက နိုင်ငံတကာမီဒီယာဈေးကွက်များအထိ ပြည်တွင်းမှ မီဒီယာဖြန့်ချိထုတ်လွှင့်မှုကို အားပေးသော ယှဉ်ပြိုင်မှုဖြစ်လာစေရန်နဲ့ ပြည်ပမီဒီယာလက်ဝါးကြီးအုပ်မှုမှ ကာကွယ်ရန် ရည်ရွယ်ထားရှိသော မူဝါဒများ ချမှတ်လုပ်ဆောင်နေကြတာကိုလည်း တွေ့နေရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ

> မီဒီယာက နိုင်ငံရဲ့ ပုံရိပ်၊ လူမျိုးနဲ့ ယဉ်ကျေးမှုပုံရိပ်တို့ကို ပုံဖော်ပေးနိုင်ပြီး ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများရဲ့ အစုအဖွဲ့တစ်ခုချင်းအလိုက် မတူကွဲပြားမှုများကို လည်းကောင်း၊ ဘုံသဘောဆောင်သော တူညီမှုများနဲ့ ညီညွတ်မှုများကိုလည်းကောင်း ရောင်ပြန်ဟပ် ဖော်ပြနိုင်။

နိုင်ငံများမှာရှိတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းအများစုက ဒီလိုမူဝါဒများ ချမှတ်လုပ်ဆောင်ခြင်းဟာ အများပြည်သူအကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးကို အကာအကွယ်ပေးခြင်း၊ ထိန်းကျောင်းခြင်းနှင့် မြှင့်တင်ပေးခြင်းလို့ နားလည်လက်ခံလေ့ရှိကြပါတယ်။

အနောက်တိုင်း ဒီမိုကရေစီနိုင်ငံအများအပြား၏ မီဒီယာအယူအဆများကလည်း အခြေခံသဘောတရားအရ များသောအားဖြင့် တူညီမှုရှိကြပါတယ်။ ဒီအခြေခံသဘောတရားများမှာ အမှီအခိုကင်းခြင်း၊ ဗဟုဝါဒ (သို့မဟုတ်) ကွဲပြားခြားနားစွာ ရပ်တည်နိုင်ခြင်း၊ သတင်းအရည်အသွေးနှင့် လူမှုယဉ်ကျေးမှု ထိန်းသိမ်းခြင်းတို့ပဲ ဖြစ်ပါတယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဓိက မတူညီသော အချက်မှာ ထိုအခြေခံသဘောတရားများကို မည်ကဲ့သို့လက်ခံကျင့်သုံးကြသလဲ ဆိုတဲ့အချက်သာဖြစ်ပါတယ်။ ဆိုလိုတာက တချို့နိုင်ငံများတွင် အစိုးရက စည်းကမ်းဥပဒေပြဋ္ဌာန်းပေးပြီး ကျင့်သုံးတယ်။ တချို့က မီဒီယာအဖွဲ့အစည်းများက ကိုယ့်ဘာသာကိုယ် ပြဋ္ဌာန်းလိုက်နာကြတယ်။ တချို့က ဈေးကွက်သဘောအရ လိုက်နာလာခဲ့တာ ဖြစ်ပါတယ်။ မည်သို့ပင် တူညီမှုရှိကြသည်ဆိုသော အခြေခံသဘောတရားများကလည်း တစ်ခုနှင့်တစ်ခု ပွတ်တိုက်မှုအနည်းနှင့်အများတော့ ရှိနေကြပါတယ်။ ဥပမာ လွတ်လပ်ခွင့်နှင့် စနစ်တကျရှိမှု၊ လူများစု ယဉ်ကျေးမှုတန်ဖိုးနှင့် ဒေသအလိုက်ယဉ်ကျေးမှုတန်ဖိုး စသည်ဖြင့်။ ဒီလိုပွတ်တိုက်မှုများကနေ တင်းမာမှုများ၊ ပဋိပက္ခများ ဖြစ်မလာစေရေးအတွက် စီမံခန့်ခွဲပေးရန်ကိစ္စသည် မဏ္ဍိုင်ကြီးများမှ တာဝန်ရှိသူများက ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ပြဋ္ဌာန်းပေးရခြင်းရဲ့ အဓိကကျသော ရည်ရွယ်ချက်တစ်ခုဖြစ်ပါတယ်။ ဒါမှလည်း လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ရေရှည်ကောင်းကျိုးချမ်းသာဖြစ်စေမယ့် ဆက်ဆံရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေမယ် မဟုတ်လား။

လူထုဆက်သွယ်ရေးဆိုင်ရာ မူဝါဒ (သို့မဟုတ်)စည်းမျဉ်း၊ ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် အများဆုံးအသုံးပြုရသော ဆင်ခြင်တွေးခေါ်မှုများမှာ ဒီမိုကရေစီစံနှုန်းနှင့်ဆီလျော်ညီညွတ်ခြင်း ရှိ /မရှိ၊ အဖွဲ့အစည်း၏ စွမ်းရည်တိုးတက်/မတိုးတက်၊ စီးပွားရေးအရ အကျိုးအမြတ် တွက်ခြေကိုက်/မကိုက်၊ ပိုမိုကျယ်ပြန့်သော အမျိုးသားစီးပွားရေးမဟာဗျူဟာတွင် အခြေခံအဆောက်အအုံတစ်ခုဖြစ်/မဖြစ် ၊ နိုင်ငံ၊လူမျိုး၊ ဘာသာ၊ တိုင်းရင်းသားလူ့အဖွဲ့အစည်း ကျား၊ မ အလိုက် တန်ဖိုးထားမှုများအပေါ် မူတည်သောယဉ်ကျေးမှုစံများ ရှိ /မရှိနှင့် နည်းပညာအသစ် တီထွင်နိုင်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်မီခြင်း ရှိ /မရှိ တို့ဖြစ်ကြပါတယ်။ သို့ရာတွင် သာမန်အားဖြင့် မဏ္ဍိုင်ကြီးများမှ တာဝန်ရှိသူများသည် မီဒီယာနဲ့ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်း ပြဋ္ဌာန်းရသောအလုပ်ကို မလုပ်လိုကြပါ။ လူထုဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်တစ်ခုကို အများပြည်သူလူထုအတွင်းမှ တောင်းဆိုမှုတစ်ခုဖြစ်လာတိုင်း တာဝန်ရှိသူများက မသိချင်ယောင်ဆောင်နေလို့မရပါ။ ဒီအခြေအနေတွင် အဖြေရှာရန် နည်းလမ်းက နှစ်ခုသာရှိပါတယ်။

နည်းလမ်းတစ်ခုကတော့ နည်းပညာအသစ်များ ထွန်းကားလာခြင်းကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းအကျိုးဖြစ်ထွန်းမှုတွန်းအား (ဥပမာ ဒစ်ဂျစ်တယ်ပြောင်းခြင်း/ e-government)ဖြစ်ပါတယ်။ အခြားနည်းလမ်းတစ်ခုကတော့ အများပြည်သူလူထုက အမှန်တကယ်ကျရောက်လု ကျရောက်ဆဲဖြစ်နေတဲ့ လူမှုယဉ်ကျေးမှု ဘေးအန္တရာယ်များရဲ့ အကြောင်းတရားများကို ဖော်ထုတ်၍လည်းကောင်း၊ သူတို့ရဲ့ မျှော်လင့်ချက်များ လက်တွေ့ပျောက်ဆုံးနေခြင်း(သို့မဟုတ်) တလွဲဖြစ်နေခြင်းအပေါ် ဝေဖန်သုံးသပ်၍လည်းကောင်း၊ လူထုဆက်သွယ်ရေးစနစ်ကို ပြုပြင်ပေးရန် တောင်းဆိုလာခြင်း (ဥပမာ အဓမ္မ/ညစ်ညမ်းစာအုပ်များ၊ လောင်းကစား/မူးယစ်ကြော်ငြာ၊ ခိုးကူးခွေဆန့်ကျင်ခြင်း)တို့အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးရခြင်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ တာဝန်ရှိသူများက ရှုထောင့်နှစ်ခုကို စဉ်းစားရပါတယ်။ ဒီရှုထောင့်များကတော့ အများပြည်သူ အကျိုးစီးပွားလား၊ တစ်ဦးတစ်ဖွဲ့အကျိုးစီးပွားလားနဲ့ အကျိုးကျေးဇူးများရရှိနိုင်မည့်အပြုသဘောလမ်းကြောင်းလား၊ ဆုံးရှုံးမှုများမယ့် အပျက်သဘော လမ်းကြောင်းလား ဆိုတာတွေပဲ ဖြစ်ပါတယ်။

မဏ္ဍိုင်ကြီးများမှာ ရောက်ရှိနေတဲ့ တာဝန်ရှိသူများအတွက် လူထုဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းဟာ လိုက်နာကျင့်သုံးမယ့် လူ့အဖွဲ့အစည်းရဲ့ သမိုင်း၊ ယဉ်ကျေးမှုတို့နဲ့ ဆက်စပ်စဉ်းစားရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ဒါကြောင့် ပုံတူကူးယူလို့ မရပါဘူး။ သူများနမူနာတော့ လေ့လာချိန်ဆရပါမယ်။ အခြားနိုင်ငံများမှ မီဒီယာပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး ကောင်းသောအတွေ့အကြုံများရော၊ ဆိုးသောအတွေ့အကြုံများကိုပါ သင်ယူမှတ်သားနိုင်မှ အမြော်အမြင်ကြီးရာ ရောက်ပါမယ်။ ၂၀ ရာစုကုန်ခါနီးလောက်တုန်းက ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့တဲ့၊ ကျွန်တော်တို့ဆီက သွားကြည့်ပြီး အားကျခဲ့ကြရတဲ့ အကောင်းဆုံးအပြောင်းအလဲဟာ အခုအခါမှာ ပြင်မရတဲ့အမှားလို့ တစ်နေ့တခြား ပြောတဲ့လူ များလာနေတာကိုလည်း သတိပြုရပါမယ်။ အမြင်တိုတဲ့ ဖြတ်လမ်းကို မရွေးချယ်သင့်ပါဘူး။ အသေအချာ တစ်ဆင့်ပြီးတစ်ဆင့် လမ်းကြောင်းမှန်အတိုင်း သွားတာပဲကောင်းပါတယ်။ အချိန်ယူစဉ်းစားကြဖို့လည်း လိုပါတယ်။ မီဒီယာပေါ်လစီတိုင်းမှာ ဆန့်ကျင်ဘက်သဘောတရားများရဲ့ လွန်ဆွဲမှုက အကြီးအကျယ်ဖြစ်ပေါ်လေ့ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာအမြင်နဲ့ ဒေသန္တရအမြင်၊ စီးပွားရေးအကျိုးကျေးဇူးနဲ့ လူမှုယဉ်ကျေးမှုအကျိုးကျေးဇူး၊ အများပြည်သူအကျိုးစီးပွားနဲ့ သီးသန့်အကျိုးစီးပွား စသည်ဖြင့် ကွဲပြားသောသဘောတရားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်သင့်ပါတယ်။

လူထုဆက်သွယ်ရေးလုပ်ငန်းတွင်ပါဝင်သော အများပြည်သူအကျိုးစီးပွား၏ အခန်းကဏ္ဍနဲ့ပတ်သက်လို့ ရှေ့တွင်အကြမ်းဖျင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အများပြည်သူအကျိုးစီးပွားဟု ဆိုလာတိုင်းမှာ ၎င်းနဲ့အတူ ယှဉ်တွဲပါလာတတ်သော ဝိရောဓိတစ်ခုဖြစ်တဲ့ သီးသန့်အကျိုးစီးပွားနှင့် ပတ်သက်ပြီး ဆက်ပြောဆိုဖို့ ရှိလာပါတယ်။

(ဆက်လက်ဖော်ပြပါမည်)



ပညာပေးမေတ္တာရပ်ခံချက်

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်ကို မကြာမီ စတင်ကျင့်သုံးအကောင်အထည်ဖော်တော့မည်ဖြစ်ရာ ဥပဒေနှင့်အညီ အကျုံးဝင်သော အလုပ်ဌာနများမှ အာမခံအလုပ်သမားများသည် အောက်ပါအတိုင်း အကျိုးခံစားခွင့်များ တိုးတက်ရရှိတော့မည်ဖြစ်ပါသည်-

- မမာမကျန်းမှု ငွေကြေးအကျိုးခံစားခွင့်။ ၅၀% မှ ၆၀%
- မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်။ ၆၆ ဒသမ၆၇% မှ ၇၀%
- လုပ်ငန်းခွင်ထိခိုက်မှုကြောင့်အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်။ ၆၆ဒသမ ၆၇% မှ ၇၀%
- အသုဘစရိတ်။ လေးသောင်းကျပ်သာခံစားခွင့်ရှိရာမှ လစာ၏ တစ်ဆမှ အများဆုံးငါးဆထိ၊
- လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးပါက ကျန်ရစ်သူခံစားခွင့်။ လက်ရှိအများဆုံးနှစ်သောင်းကျော်သာ ခံစားခွင့်ရှိရာမှ လစာ၏ ဆယ်ဆမှ ထည့်ဝင်ကြေး သက်တမ်းကြာမြင့်သည်နှင့်အမျှ အများဆုံး ရှစ်ဆယ်ဆအထိ၊

အထက်ပါ အကျိုးခံစားခွင့်များကို တိကျမှန်ကန်စွာ ရရှိခံစားနိုင်စေရေးအတွက် အာမခံအလုပ်သမားစိစစ်ရေး ကတ်ပြားများထုတ်ပေးနိုင်ရန် အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ယူလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် မိမိတို့ အမည်၊ ဖခင်အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ အပါအဝင် ကိုယ်ရေးအချက်အလက်များအား မှန်ကန်စွာ ဖြည့်စွက်ပေးခြင်းမရှိဘဲ လွဲချော်သည်နှင့်အမျှ မိမိတို့ ခံစားခွင့်များ လျော့နည်းခြင်း သို့မဟုတ် လုံးဝခံစားခွင့် ဆုံးရှုံးခြင်းများ ကြုံတွေ့ရနိုင်ပါသဖြင့် မှန်ကန်စွာ ဖြည့်စွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်သမားများ၏ ဓာတ်ပုံနှင့်လက်ဗွေမှတ်တမ်းများကို မင်္ဂလာဒုံ စက်မှုဇုန်မှစ၍ ၁၂-၇-၂၀၁၃ ရက်နေ့မှ စတင်ရယူလျက်ရှိပြီး ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သော အာမခံစိစစ်ရေးကတ်များကို ဩဂုတ်လဆန်းမှ စတင်ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါသည်။ ယင်းကတ်ပြားသစ်များ ရယူပြီးသည့် အာမခံအလုပ်သမားများသည် နောက်ထပ်မည်သည့်အလုပ်ဌာနသို့ပြောင်းရွှေ့သွားသည်ဖြစ်စေ ယင်းကတ်ပြားကိုပြသပြီး လူမှုဖူလုံရေးအကျုံးဝင်အလုပ်သမားအဖြစ် ဆက်လက်ရပ်တည်သွားနိုင်မည်ဖြစ်သဖြင့် ယင်းကတ်ပြားများကို မပျောက်ပျက်စေရေး ထိန်းသိမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(လူမှုဖူလုံရေးအဖွဲ့)

ရန်ကုန်ဆေးရုံကြီးသန့်ရှင်းသာယာလှပရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီမိနစ် ၂၀ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ယခင်ကမိမိတို့နိုင်ငံ၏ ထင်ရှားကျော်ကြားသောဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသည့်အကြီးဆုံးဆေးရုံကြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ပြည်သူများကအားထားပြီး လာရောက်ကုသမှုခံယူရသည့် ဆေးရုံကြီးဖြစ်သော်လည်း ဘဏ္ဍာငွေကြေးရရှိမှုအပေါ် မူတည်ပြီး ပြုပြင်ထိန်းသိမ်းမှုများ အပြည့်အဝမဆောင်ရွက်ခဲ့နိုင်သည့်အတွက် ဆေးရုံ၏ သန့်ရှင်းသပ်ရပ်မှု၊ ပြုပြင်ထိန်းသိမ်းမှုများအားနည်းခဲ့ရပါကြောင်း၊ ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးအတွက် ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ဆေးရုံသန့်ရှင်းသာယာလှပရေး၊ လိုအပ်သည်များထိန်းသိမ်းပြုပြင်ရေး၊ ဆေးရုံဝန်းကျင်သာယာလှပမှုရှိပြီး ကျန်းမာရေးနှင့်ညီညွတ်ရေးအတွက် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသန့်ရှင်းသာယာလှပရေး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘရာဇီးနိုင်ငံ၏ (၁၉၂) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညည့်ခံပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဇနီးတို့သည် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသားကဇာတ်ရုံ၌ ကျင်းပသည့် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ၏ (၁၉၂) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညည့်ခံပွဲနှင့် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior က ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသူများအား ဘရာဇီးနိုင်ငံ၏ ရိုးရာတေးဂီတဖြင့် ဧည့်ခံဖျော်ဖြေသည်။ **(သတင်းစဉ်)**

စာပေရေချမ်းစင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ပြည်သူ့ဝန်ဆောင်မှုအသိပညာပေး စာပေရေချမ်းစင်များ နေရာအနှံ့အပြား၌ ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများစာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာခဲ့ရာ ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ လသာမြို့နယ် ဦးစီးမှူး ဒေါ်မေသန္တာထံ စာပေရေချမ်းစင် Book Corner တစ်ခု လာရောက်လှူဒါန်းသည်။ ယင်းစာပေရေချမ်းစင်အား ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ရှိလက်မှတ်ရောင်းရုံအတွင်း အနောက်ပိုင်းခရိုင်ရုံး၏ စာပေရေချမ်းစင်နှင့်အတူ ထားရှိပြီး သတင်းစာ၊ ဂျာနယ်၊ သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံတို့အား အခမဲ့လာရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။ **(ကျော်မြင့်အေး-ပြန်/ဆက်)**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၆

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရည်အချင်းမြှင့်သူနာပြုသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၆

Training on Strengthening Quality Nursing Care သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက အမှာစကားပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သူနာပြုအုပ်နှင့် သူနာပြုဆရာမ ၂၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

လားရှိုး စက်တင်ဘာ ၆

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဦးမင်းဆွေ (စစ်ဆေးရေးမှူး-၂) က ယာဉ်မောင်းသူများ သိသင့်သိထိုက်သောအချက်များနှင့် မောင်းနှင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**



သင့်စီးပွားရေး
တိုးတက်
အောင်မြင်ဖို့
ကြေးမုံ
သတင်းစာတွင်
ကြော်ငြာစို့

တပ်မတော်သားများကလည်း ပြည်သူကိုဗဟိုပြုသည့်စနစ်နှင့်အညီ လိုက်ပါလုပ်ဆောင်သွားကြရန်လို

ရန်ကုန် စက်တင်ဘာ ၆

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာ ၆ ရက်တွင် အင်းမ တပ်နယ်နှင့် သာယာဝတီ တပ်နယ်**(အပေါ်ပိုး)**မှ အရာရှိ စစ်သည်၊ မိသားစု များအား သီးခြားစီ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် သွားနေချိန်၌ တပ်မတော်သားများကလည်း စနစ်နှင့်အညီ လိုက်ပါလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်အတွက် ဥပဒေပြုရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်သား ကိုယ်စားလှယ်များကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲမှုများအားလုံး ဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်ရေး ဥပဒေကို သိရှိနားလည်ထားကြရန်လိုသကဲ့သို့ ပြည်သူနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် နိုင်ငံတော်၏ ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် စည်းကမ်းနှင့်အညီ ပြည်သူနှင့်အတူ လက်တွဲ လိုက်ပါဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး အမျိုးသားကုသဆောင်တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး ဆေးရုံဝင်းအတွင်း လူနာဆောင်များဆောက်လုပ်ရန် လျာထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှကလည်း အမျိုးသမီးကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းမ တပ်နယ်နှင့် သာယာဝတီတပ်နယ်တို့မှ အရာရှိစစ်သည် မိသားစုများနှင့် တပ်နယ်ခန်းမများ၌ အသီးသီး တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက အင်းမတပ်နယ်နှင့် သာယာဝတီတပ်နယ်များအတွက် မိခင်နှင့်ကလေးရန်ပုံငွေများကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရာဇီးလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါ သမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရာဇီးပြည်ထောင်စု သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လူးဝစ်ဇ် အယ်လ်ဘာတို ဖီဂိုရေဒို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၉-၂၀၁၃ (စနေနေ့)

၅း၄၀	"သဘိယသုတ္တန်" တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ) (Part-2)
၁၂း၁၅	Big Joke Show (ထူးခန့်ကျော်)
၅း၃၅	Fashion Week (AROMA Hair&BeautySpa)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၆၅)
၈း၃၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၄၆)

အသေးစားချေးငွေလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၆

သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အသေးစားချေးငွေလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ Acom Co., Ltd. ၏ ချေးငွေဝန်ဆောင်မှု လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဂျပန်နိုင်ငံ Acom Co., Ltd. မှ Executive Managing Officer, Mr. Michio Atsuda နှင့် အဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ လူဦးရေ၏ အများစုဖြစ်သော တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးဥပဒေကို မကြာမီပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပါကြောင်း၊ ပြည်သူက တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုရမည်ဖြစ်သဖြင့် ပြည်သူ့လိုအပ်ချက်များကို အမြဲနားထောင် သိမြင်အောင် ကြိုးစားပြီး ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပိုမိုရှင်သန် ခိုင်မာစေရန်အတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များနှင့်လည်းကောင်း၊ စက်တင်ဘာ ၆ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးပါတီ/ရှမ်းပြည် တပ်မတော်မှ ဦးဆေးထင် ဦးဆောင်သော အဖွဲ့ဝင်များအား လည်းကောင်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

◯ **ထိုင်း၏အကျိုးစီးပွားသည်မှ**

လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ ကော်မတီဖွဲ့စည်းထားကြောင်း၊ လူ့အခွင့်အရေးရအောင် ဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့်ကိစ္စဖြစ်ပြီး မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များကို ဦးစားပေးစဉ်းစားသင့်ကြောင်း၊ မိမိနိုင်ငံသားကိုသာမက လူသားအားလုံးကို ကာကွယ်ပေးရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများနှင့် ဆက်စပ်၍ ၎င်းတို့ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် နိုင်ငံမဲ့လူသားကိစ္စကို မိမိစဉ်းစားကြည့်ရာ၌ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မဟုတ်ဆိုသည့် မြေလွတ်မရှိကြောင်း၊ နိုင်ငံများ၏ နယ်နိမိတ်များသည် အားလုံးထိစပ်နေကြောင်း၊ နိုင်ငံမဲ့လူသား ပေါ်ပေါက်လာခြင်းသည် ထူးခြားသည့်အခြေအနေပေါ် မူတည်ကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်ချင်းထိစပ်လျက်ရှိပြီး ထိုသို့ထိစပ်နေပါလျက် နိုင်ငံမဲ့လူသားဟုဆိုနေကြကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိလာသဖြင့် မြန်မာနိုင်ငံက အထူးသတိထားနေရသည်ကို နားလည်စေလိုကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယင်းနောက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နယ်မြေတွင်လည်း ခိုးဝင်မှုများရှိကြောင်း၊ ဤကိစ္စသည် ဒေသတွင်းပြဿနာဖြစ်နေကြောင်း၊ အာဆီယံဒေသတွင်း သာမက ဩစတြေးလျနိုင်ငံအထိ ခိုးဝင်မှုပြဿနာများရှိနေကြောင်း၊ မိမိတို့ပူးပေါင်းဖြေရှင်းရန် လိုအပ်ကြောင်းနှင့်အနာဂတ်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ယင်းနေ့ နံနက် ၁၁ နာရီတွင် ထိုင်းနိုင်ငံ Supreme Court ၌ President of the Supreme Court, Chief Justice Pairoj Wayuparb အဖွဲ့နှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြရာ Chief Justice က ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၇)ကြိမ်ပြင်ဆင်ပြီး ဖြစ်သော်လည်း ပြင်ဆင်ခွင့် (သို့မဟုတ်) အသစ်ရေးဆွဲခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မိမိအနေဖြင့် ပြောရမည်ဆိုလျှင် ပြင်ဆင်ခြင်း(သို့မဟုတ်) အသစ်ရေးဆွဲခြင်းမပြုမီ သေသေချာချာလေ့လာဆန်းစစ်ရန် လိုအပ်မည်ဟုထင်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအနေဖြင့် ပြောရမည်ဆိုလျှင်လည်း တရားသူကြီးတစ်ဦးသည် လိမ္မာသော လူတော်လူကောင်း၊ ဘက်မလိုက်သူဖြစ်ရန် လိုကြောင်း၊ လွတ်လပ်သော ဆုံးဖြတ်ခွင့်ရှိရန် လိုအပ်ကြောင်း၊ ငွေတိုးချေးမှုများနှင့် ပတ်သက်၍ ထိုင်းဥပဒေက ခွင့်ပြုနိုင်သည့်အတိုင်းအတာကျော်လျှင် အရေးယူကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nikom Wairatpanij က Four Seasons Hotel တွင် တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် အစိုးရအိမ်တော်သို့ရောက်ရှိခဲ့ရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မကြာမီ အာဆီယံအသိုက်အဝန်းအကောင်အထည်ပေါ်လာတော့မည်ဖြစ်ရာ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ လာရောက်ခြင်းအတွက် အထူးဝမ်းမြောက်ကြောင်းဖြင့် ကြိုဆိုနှုတ်ဆက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အာဆီယံအသိုက်အဝန်းထဲတွင် မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံနှစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံကြားနယ်နိမိတ်သည် (၁၃၁၆)မိုင်ရှိသော်လည်း နယ်နိမိတ်တိုင်းတာမှုအနေဖြင့် (၁၆)မိုင်သာ ပြီးစီးသေးသည်ဟု သိရှိရကြောင်း၊ အဆွေတော်ဝန်ကြီးချုပ် လက်ထက်တွင် နယ်နိမိတ်တိုင်းတာမှုပြီးစီးအောင် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်တိတိကျကျ သတ်မှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်ပါက နှစ်နိုင်ငံစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနှင့်ထိုင်းသည် အမြဲယှဉ်တွဲနေသည့် အိမ်နီးချင်းများဖြစ်သဖြင့် ထိုင်း၏ အကျိုးစီးပွားသည် မြန်မာ၊ မြန်မာ၏ အကျိုးစီးပွားသည် ထိုင်းဖြစ်ကြောင်း၊ မျက်မှောက်ကာလတွင် Two Ocean Policy က နိုင်ငံများအတွက် အရေးကြီးလာကြောင်း၊ မိမိတို့လက်ထက်တွင် ပိုမိုကောင်းမွန်သည့် အဖြေများရှာဖွေ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံရေးအရလည်း ထိုင်းနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်မှာ နှစ်ပေါင်း(၈၀)ကျော်နေပြီဖြစ်ပြီး မြန်မာနိုင်ငံက ယခုမှ (၃)နှစ်ကာလထဲ ဝင်စပြုခြင်းဖြစ်ကြောင်း၊ စီးပွားရေးအရလည်း ထိုင်းနိုင်ငံက ဈေးကွက်စီးပွားရေးစနစ်သို့ ဝင်ရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံက ယခုမှ စတင်ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင်လည်း ထိုင်းနိုင်ငံကဲ့သို့ ခရီးသွားဧည့်သည်များ တိုးတက်လာရေးအတွက် Two Countries, One Destination ဖြစ်ရန် လိုကြောင်း၊ AEC ဖြစ်လာပါက Free Trade ဖြစ်ရန်သာမက Fair Trade ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ပြည်သူချင်း ချစ်ခင်ရင်းနှီးကြရန် လိုအပ်ကြောင်း၊ ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရန် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာအယူဝါဒတို့ အပြန်အလှန်နားလည် သဘောပေါက်ရန် လိုအပ်ကြောင်း၊ ခေတ်များမည်သို့ပင် ပြောင်းလဲစေကာမူ ထိုင်း-မြန်မာ ဆက်ဆံရေးသည် အစဉ်ကောင်းမွန်ခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ထိုင်းဝန်ကြီးချုပ်က ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များကိုလည်း အမြန်ပြီးစီးအောင် စည်းမျဉ်းဥပဒေများ သတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပြီး နှစ်နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်လာပြီး အာဆီယံအသိုက်အဝန်းတွင် အခြေခိုင်လာမည်ဖြစ်ကြောင်း၊ အာဆီယံအသိုက်အဝန်းလည်းပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အဖြေရှာလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံလုံးကြွယ်ဝချမ်းသာလာရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်း၍ မူးယစ်ဆေးဝါးပြဿနာ၊ အလုပ်သမားပြဿနာ၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားရေးရာနှင့် ပတ်သက်၍ ထိုင်းနိုင်ငံဘက်က အလုပ်သမားမှတ်ပုံတင်ရန်(၁)နှစ် ထပ်မံ သက်တမ်းတိုးပေးပြီးဖြစ်ကြောင်း၊ ရိုဟင်ဂျာများကို မိမိနိုင်ငံတွင်း၌ လူ့အခွင့်အရေးအရသာ စောင့်ရှောက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို မွေးရပ်ဒေသပြန်ရန်အခွင့်ပေးထားကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်ပြောင်းလဲလာပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာခြင်းကို ဝမ်းမြောက်စွာကြိုဆိုပြီး ဝိုင်းဝန်းကူညီရန်လည်း အမြဲအဆင်သင့်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ယခင်ခေတ်အဆက်ဆက် လက်ထက်ကပင် အပြင်းအထန် ကြိုးပမ်းခဲ့ကြောင်း၊ ဤကိစ္စသည် တစ်ကမ္ဘာလုံး၊ လူသားတစ်ရပ်လုံး၏ အန္တရာယ်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ဖြန့်ဝေစီးဆင်းမှုများရှိနေကြောင်း၊ နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးရရှိပြီး အစိုးရ၏ အုပ်ချုပ်မှုအာဏာ သက်ရောက်သည့်အခါ မူးယစ်ဆေးဝါးပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပြီး ထိုင်းဝန်ကြီးချုပ်က မြန်မာနိုင်ငံ ပြည်သူပြည်သားအားလုံး အောင်မြင်မှုများရရှိပြီး ရွှင်လန်းချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းကြောင်းနှင့် နိုင်ငံတော်သမ္မတကိုလည်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Professor Amura Pongsapich တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြိုင်ပွဲများအဖြစ် လက်ဝှေ့၊ ပီတန်း၊ ဘိလိယက်နှင့် စနူကာ၊ ဖူဆယ်ပြိုင်ပွဲများ နေပြည်တော်တွင် ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့အားကစားအောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရန်ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ကြီးကြပ်ကွပ်ကဲမှုဖြင့် Pre SEA GAMES TEST MATCH ပြိုင်ပွဲများအား စဉ်ဆက်မပြတ်လက်ခံကျင်းပလျက်ရှိရာ ပြည်တွင်းအလွတ်တန်းပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲအား စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ၊ ပီတန်း(ကျောက်ဒိုးပစ်) ပြိုင်ပွဲအား (မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း) နိုင်ငံများမှ အားကစားသမားများဖြင့် စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲအား မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများမှ အားကစားသမားများဖြင့် စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲအား မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများမှ အားကစားသမားများဖြင့် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိလည်းကောင်း နေပြည်တော်ရှိအားကစားကွင်း၊ အားကစားရုံအသီးသီး၌ ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များအနေဖြင့် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်တိန်နာကား အေးရှားဝေါလ်အုတ်နံရံ ဝင်တိုက်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းရှေ့တွင် စက်တင်ဘာ ၆ ရက် ညနေ ၅ နာရီ ၂၅ မိနစ်ခန့်တွင် မြောက်မှတောင်သို့ ယာဉ်မောင်း မျိုးမင်းခိုင် မင်းလှ(၂)လမ်း (၅၅) ရပ်ကွက် တောင်ဒဂုံမြို့နယ်နေသူ မောင်းနှင်လာသော ၁ခ/---- ကွန်တိန်နာယာဉ်သည် အေးရှားဝေါလ်ဆိပ်ကမ်း ထီးတန်းဂိတ်အရောက် တောင်မှ မြောက်သို့ မောင်းနှင်လာသော သစ်လုံးတင်ကားအား ရှောင်လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ အေးရှားဝေါလ် အုတ်နံရံနှင့် ဝင်ရောက်တိုက်မိပြီး ကား၏ ယာဘက်တံခါး ပျက်စီးသွားပြီး လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် အခင်းဖြစ်နေရာသို့ အေးရှားဝေါလ်ဆိပ်ကမ်းမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းအား ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(တင်မောင်ဦး-အလုံ)

အာဟာရဖွံ့ဖြိုးမှု ကျန်းမာရေးပညာပေးခြင်းနှင့် (၅)နှစ်အောက်ကလေး ကြီးထွားဖွံ့ဖြိုးမှုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးကို ဦးစီးသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာ မူကြိုကျောင်း၌ (၅)နှစ်အောက်ကလေး ၁၅၀ အား ကြီးထွားဖွံ့ဖြိုးမှု မှတ်တမ်းတင်၍ စောင့်ရှောက်မှုပေးခြင်းနှင့် ကျောင်းသားမိဘများအား အာဟာရဖွံ့ဖြိုးမှု ကျန်းမာရေး ပညာပေးဆွေးနွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လူမှုဝန်ထမ်း မူကြိုကျောင်းများအား အလှည့်ကျ လစဉ်စောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လားရှိုးမြို့၌ စိတ်ကြွဆေးပြား ၁၂ သိန်းဖိုး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၆။ လားရှိုးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့နယ် စဥ့်အင်ကျေးရွာ စဥ့်အင်တံတားတွင် လားရှိုးမှ တန့်ယန်းမြို့နယ် ရပ်ကွက်(၄)နေ အောင်သူ (၄၃)နှစ် မောင်းနှင်လာသည့် ၈ဃ/--- ဂျစ်ကားအား စက်တင်ဘာ ၃ ရက် ည ၁၂ နာရီခွဲတွင် ရပ်တန့်စစ်ဆေးခဲ့ရာ ကားရှေ့ခန်းရှိ စီးကရက်ဘူးခွံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အပြား ၆၀၀ (တန်ဖိုးငွေကျပ် ၁၂ သိန်း)အား သိမ်းဆည်းရမိခဲ့သဖြင့် အောင်သူအား နောင်မွန်နယ်မြေရဲစခန်းက မယ(ပ)၁၂/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ပြည်ထဲရေး)

✻ **မော်လူးတွင်မှ**

ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စီးမော်ချောင်း၊ နန့်ဒရန့်ချောင်း၊ ဖားပန်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ စီးမော်ရွာရှိ ရေခဲစက်နှစ်လုံး၊ ဆန်စက်နှစ်လုံး ရေနစ်ခဲ့ပြီး အိမ်မွေးတိရစ္ဆာန်များ၊ ကျွဲ၊ နွားများကို ရေလွတ်ရာနေရာများသို့ ခေတ္တပြောင်းရွှေ့ခဲ့ရကြောင်း၊ မော်လူးကျေးရွာနှင့် သူရောင်းကျေးရွာသို့ ဆက်သွယ်ထားသည့် နှစ်မိုင်ခန့်ရှည်လျားသော ကျေးရွာချင်းဆက်လမ်းမကြီးတစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ကာ ဒေသခံများ၏ ခရီးသွားလာမှု ခေတ္တရပ်တန့်ခဲ့ရကြောင်း၊ နန့်စီးအောင်-ကသာနှင့် မော်လူး-ကသာ ပြေးဆွဲနေသည့် ရွှေခေတ်သစ် မော်တော်ယာဉ်လိုင်းအား ခရီးစဉ်တစ်ရက်ရပ်နားခဲ့ရကြောင်း၊ ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမပေါ်ရှိ မော်လူးကျေးရွာ စီးမော်ချောင်းကူးတံတားတွင် ရေစီးနှင့်အတူ မျောပါလာသည့် အမှိုက်သရိုက်များ၏ ပိတ်ဆို့မှုကြောင့် တံတားမှာ သစ်သားတံတားဖြစ်သည့်အတွက် ကြံ့ခိုင်မှုအခြေအနေမှာ စိုးရိမ်ရသောကြောင့် မော်တော်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်မှုကို ခေတ္တရပ်နားထားခဲ့ကြောင်း၊ မော်တော်ကားလမ်းမပေါ်တွင် ရေ အမြင့်လေးပေခန့်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ နံနက် ၉ နာရီခန့်တွင် မိုးရွာသွန်းမှု ရပ်တန့်သွားပြီး ရေများလည်း လျော့ကျသွားသော်လည်း ရေနှင့်အတူ မျောပါလာကာ တင်ကျန်ရစ်သည့် အမှိုက်သရိုက်များ နေအိမ်၊ ဈေးဆိုင်ခန်းများ၏အတွင်း အပြင်များတွင် တင်ကျန်ရှိခဲ့မှုကြောင့် ဖယ်ရှားရှင်းလင်းနေကြရကြောင်း၊ ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြသော်လည်း မော်လူးတွင် နာရီပိုင်းအတွင်း မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှု မကြာခဏဖြစ်ပွားရသည်မှာ အမှိုက်သရိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ကြခြင်း၊ ကျေးရွာတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ ရှင်းလင်းထားမှုမရှိခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း၊ သို့အတွက် ဒေသခံပြည်သူများမှ အမှိုက်သရိုက်များကို စည်းကမ်းတကျ စွန့်ပစ်ကြရန်နှင့် ရေနုတ်မြောင်းများကို စနစ်တကျ ရှင်းလင်းထားကြရန် လိုအပ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(နီတိုး)

သာဝတ္ထိမောင်းတံဂိတ်တိုက်ပြီးမောင်းပြေးလာတဲ့ မတ်တူးကား မြို့မဈေး၌ ဆိုင်ကယ်ကိုထပ်တိုက်

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးမီးပွိုင့်၌ စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် ၁ဃ/---Mark-2 အဖြူရောင်အား မီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်က မော်တော်ယာဉ်ကို စစ်ဆေးရန် ခရာမှုတ်တားမြစ်စဉ် မရပ်တန့်ဘဲ ဆက်လက်မောင်းပြေးရာ ဆိုင်ကယ် အမှတ် ၃၃ယ/--- Kanbo-125 အား ထပ်မံ တိုက်၍ မောင်းပြေးသွားကြောင်း သိရသည်။

ယာဉ်အမှတ် ၁ဃ/---Mark-2 ယာဉ်သည် သာဝတ္ထိမောင်းတံဂိတ်ကို တိုက်ပြီး မောင်းပြေးလာကြောင်း ဝါယာလက်စကားပြောစက်ဖြင့် အဆင့်ဆင့် အကြောင်းကြားသဖြင့် လယ်ဝေးစုပေါင်းဂိတ်၌ ထပ်မံ ရပ်တန့်ရန် တားမြစ်စဉ် မရပ်တန့်ဘဲ မောင်းနှင် ထွက်ပြေးလာသဖြင့် မြို့မဈေးမီးပွိုင့် တာဝန်ကျယာဉ်ထိန်းရဲမှ ရပ်တန့်ရန် တားမြစ်စဉ်ဆက်လက် မောင်းပြေးရာ Kanbo-125 ဆိုင်ကယ် ၃၃ယ/ --စီးလာသူ ဥတ္တရသီရိမြို့နယ် ငွေးပင်ရိုးကျေးရွာနေ ဦးအောင်ငွေ၊ နောက်တွင်စီးနင်းသူ ငွေးပင်ရိုးကျေးရွာနေ ဦးမင်းသိန်းတို့အား ဝင်တိုက်မိခြင်းဖြစ်သည်။

အဆိုပါ ယာဉ်သည် ပညာသိဒ္ဓိ ရပ်ကွက်(ခရေအိမ်ရာ)သီတဂူလမ်းတိုက် ၁၂၉ အနီး ကားပါကင်၌ ကားရပ်ကာ ထွက်ပြေးတိမ်းရှောင်သွား၍ ဇမ္ဗူသီရိမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်လှကျော်ဦးနှင့်အဖွဲ့သည်၁ဃ/--Mark-2ကား အဖြူရောင်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းပြီးယာဉ်ပိုင်ရှင်အား အရေးယူနိုင်ရန် ဆက်လက်စုံစမ်းဆောင်ရွက်နေကြောင်း သိရသည်။

ဆိုင်ကယ်မောင်းနှင်သူ ဦးအောင်ငွေမှာ ဒဏ်ရာမရရှိဘဲ နောက်တွင် လိုက်ပါလာသူ ဦးမင်းသိန်းမှာ ဦးခေါင်း နောက်စေ့ပေါက်ပြဲ၊ ဝဲတံတောင်ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသဖြင့် ခုတင်(၁၀၀၀) ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

(ကျော်သူရ-နေပြည်တော်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၉-၂၀၁၃ (စနေနေ့)

၆း၀၀	မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကျန်းမာဖို့အတူကစားစို့
၆း၅၀	"တန်ခိုးတော်အနန္တပြည့်ဝမွှမ်းထုံ ရွှေစည်းခုံ"
၉း၅၀	သုတရောင်စုံပန်းခင်း
၁၁း၃၀	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၂၅	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၃၀	ချစ်စရာ့အရွယ်ကစားကြမယ်
၇း၀၀	ပြည်တွင်းသတင်း
၈း၅၀	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ -ဂီတတံခါးလေးဖွင့်ပါဦး

စာမြည်းကဏ္ဍ

မော်ကွန်း

ဘဝဇာတ်ခုံကကြိုးစုံ

နှောင်းခေတ်လူတို့သည် သမိုင်းမှတ်တမ်းများကို ရေးထိုးခဲ့ကြသည်။ ထိုသို့ရေးထိုးခဲ့ကြသော သမိုင်းမှတ်တမ်းများသည် အနာဂတ်လူ့အဖွဲ့အစည်းတစ်ရပ်၏ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ အောင်မြင်မှုတို့အတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေနိုင်မည်ဟု ယုံကြည်ထားကြသည်။ ကုန်လွန်ခဲ့သော နှစ်ပေါင်းများစွာမှ အကြောင်းကိစ္စရပ်များကို အမြော်အမြင်ရှိသူတို့က မော်ကွန်းရေးထိုးခဲ့သောကြောင့် သမိုင်းကြောင်းအခြေအနေကို သိရှိကြရပြီး အနာဂတ်အတွက် သင်ခန်းစာယူဖွယ်၊ သိရှိမှတ်သားဖွယ်ရာများ ရရှိလာကြသည်။

ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် ယင်းလူ့ဘောင်အသိုင်းအဝိုင်း အခြေအနေများကို လေ့လာသုံးသပ်ခွင့်ရခြင်းသည်ပင် အနာဂတ်လူမှုအသိုက်အမြုံတစ်ရပ်ကို တည်ဆောက်ရာ၌ ကောင်းမွန်သော တွန်းအားတစ်ရပ်ဖြစ်ပေလိမ့်မည်။

ယခုကိုယ်ရေးသမိုင်းသက်သက်မဟုတ်သည့် ဘဝအတွေ့အကြုံအဖြစ်အပျက်အစုံတို့ကို ထပ်ဆင့် အမျိုးသားစာပေဆုရ ဒေါက်တာချစ်က "ဘဝဇာတ်ခုံကကြိုးစုံ"ဟူသောအမည်ဖြင့် ကိုယ်တွေ့မှတ်တမ်း စာအုပ်အား တန်ဖိုး ငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိထားသည်ကို တွေ့ရသည်။ စာရေးဆရာ ဒေါက်တာချစ်က သူ၏မျိုးဆက်များအတွက် မှတ်မှတ်သားသား ကျန်ရစ်စေရန်အတွက်သာမက စာဖတ်ပရိသတ်များအတွက်လည်း မှတ်သားသိရှိနိုင်စေရန် ရည်ရွယ်ပြီး သူ၏ဘဝဇာတ်ခုံ ဖြစ်မျိုးစုံကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

စာရေးသူ၏ ဘဝမှတ်တမ်းဟု ဆိုထားသော်လည်း စာဖတ်သူတို့မသိရှိသေးသည့် သူ၏ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး သင်ခန်းစာယူဖွယ်နှင့် မှတ်သားလိုက်နာဖွယ်ရာ များသာဖြစ်သည်။ အထူးသဖြင့် ခေတ်စနစ်အလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အတွေ့အကြုံများနှင့် ဘဝမျိုးစုံကို ဇာတ်လမ်းစုံအောင် ကျင်လည်ခဲ့ရပုံများကို မှတ်တမ်းအဖြစ်မဟုတ်ဘဲ ဇာတ်လမ်းအဖြစ် ဖတ်ရသည်မှာ ပို၍တန်ဖိုးရှိလှသည်။

အမေးနှင့်အဖြေ စွယ်စုံကျမ်းကမ္ဘာ့သမိုင်း



စကြဝဠာ၊ ကမ္ဘာဂြိုဟ်၊ ကမ္ဘာ့သမိုင်း၊ သဘာဝကမ္ဘာ၊ လူ့ကိုယ်ခန္ဓာ၊ သိပ္ပံနှင့်နည်းပညာ၊ ကမ္ဘာတစ် ခွင်၊ အနုပညာ၊ အားကစား၊ ဖျော်ဖြေရေး စသည့် အကြောင်းအရာများကို ကျမ်းတစ်ဆူပေတစ်ဖွဲ့ ဖတ်ဖူးမှတ်ဖူးပါသည်။ ထူထဲပြီး မဆုံးနိုင်အောင် ဖတ်ရသော အဆိုပါအကြောင်းအရာများကို စာဖတ်သူအများစုအနေဖြင့် အချိန်ကုန်ခံ ဖတ်နိုင်ကြမည် မဟုတ်ချေ။

ယခု ဂျူနီယာဝင်းက ၂၀၀၆ ခုနှစ်က ထုတ်ဝေခဲ့သည့် Answers Encyclopedia စာအုပ်စီးရီးမှ ဖော်ပြပါ အကြောင်းအရာကဏ္ဍတစ်ခုစီကို ဘာသာပြန်ဖော်ပြပေးထားသည်ကို တွေ့ရပါသည်။ ကမ္ဘာ့သမိုင်းနှင့်သက်ဆိုင်ရာ မေးခွန်းအမြောက်အမြားပါဝင်ပြီး ပြည့်စုံသော အဖြေများလည်းပါဝင်သဖြင့် ကျမ်းတစ်ဆူပေတစ်အုပ်ကို ဖတ်ရန်မလိုဘဲ အချိန်တိုအတွင်း ရှေးနှောင်းလူများ၊ ရှေးအင်ပိုင်ယာများသာမက စက်မှုတော်လှန်ရေးနှင့် မြန်မာသူရဲကောင်းများအကြောင်း တို့ကို လွယ်လင့်တကူ ဖတ်ရှုရသဖြင့် စွယ်စုံကျမ်းအကျဉ်းဟုပင် ခေါ်ဆိုနိုင်ပါသည်။ ထို့အပြင် အကြောင်းအရာတစ်ခုချင်းအလိုက် ရက်စွဲမှတ်တမ်းများမှာ မှတ်သားရမည့် အချက်များဖြစ်ပြီး ပိုမိုပြည့်စုံအောင် ဖတ်ရှုလိုလျှင် ထိုစာအုပ်မှုဖြင့် မလုံလောက်ဘဲ ကျမ်းကြီးကျမ်းငယ်တို့ကို သွားရောက်ဖတ်ရှုရမည်ဖြစ်ပါသည်။

အိပ်မက်စေရာ



ခေတ်ရေစီးကြောင်းသည် လွန်စွာလျင်မြန်စွာ ပြောင်းလဲစီးဆင်းလျက်ရှိသည်။ ထိုပြောင်းလဲမှုများနောက်တွင် ယနေ့လူငယ်များ အဆင်သင့်ဖြစ်မဖြစ် မှန်းဆကြည့်လျှင် သိနိုင်မည်ဖြစ်သည်။ တကယ်တမ်းပြောရမည်ဆိုလျှင် အဆင့်သင့်မဖြစ်ခဲ့သဖြင့် ခေတ်နောက်ကျ ကျန်ရစ်နေသေးသည်ကို ဝန်ခံရမည်ဖြစ်ပါသည်။ ခေတ်ကို အမီလိုက်နိုင်အောင် အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတအမြင်ကျယ်စွာဖြင့် လေ့လာလိုက်စားမှုသာလျှင် တော်ကာကျမည်ဖြစ်ပါသည်။ ထိုအတတ်အသိတို့ကို တက္ကသိုလ်မှ လက်မှတ်ရရုံဖြင့် မလုံလောက်ဘဲ ဘဝတက္ကသိုလ်ထဲသို့ ထိုးဖောက်ဝင်ရောက်ကာ လေ့လာဆည်းပူးမှုသာလျှင် အမီလိုက်နိုင်မည်ဟု ယုံကြည်ပါသည်။

ထိုအခြေအနေများကို ချစ်နိုင် (စိတ်ပညာ)က "အိပ်မက်စေရာ" ဟူသောအမည်ဖြင့် အဘိဓမ္မာနှင့် ပညာရှိများ၏ အတွေးအခေါ် အယူအဆများကို ကိုးထောက်ကာ ဘဝအတွေ့အကြုံနှင့်ယှဉ်၍ ရေးဖွဲ့ထားသည်များကို ဖတ်ရှုရမည်ဖြစ်ပါသည်။ အဓိကအားဖြင့် လူငယ်များအား စိတ်ခွန်အားတိုးပွားစေရန် မြှင့်တင်ပေးသော သဘောတရားနှင့်ဘဝမီးရှူးတန်ဆောင် စာအုပ်ကောင်းတစ်အုပ်ပင်။

ယာဉ်တိုက်မှုကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုလိုက်နာရန် လိုအပ်

နေပြည်တော် စက်တင်ဘာ ၆

အဝိုင်းပတ်များအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုများလျော့နည်းရေးနှင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ယာဉ်တိုက်မှုကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ယခင်ကထက် ပိုမိုလိုက်နာရန် ဒုတိယရဲမှူးဗိုလ်တက်ဦးဆောင်သည့် ၂၈ ဦးပါဝင်သောအဖွဲ့ဖြင့် သပြေကုန်းအဝိုင်း၊ ဇီဇဝါပန်းအဝိုင်းနှင့် ဝဏ္ဏသိဒ္ဓိအဝိုင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ယာဉ်တိုက်မှုလျော့နည်းကျဆင်းသည် အထိဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဆိုင်ကယ်ဦးထုပ် ဆောင်းခိုင်းရတယ်ဆိုတာ စီးနင်းသူရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် ဖြစ်ပါတယ်။ စည်းကမ်းဖောက်ဖျက်သူတွေ၊ ဦးထုပ်မဆောင်းသူတွေကို အရေးယူပါမယ်။ ကျွန်တော်တို့တပ်ဖွဲ့ အစီအစဉ်နဲ့ ဆိုင်ကယ်ဦးထုပ်တွေ ဝေငှပေးဖို့ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အရေးယူမှုတစ်ခုတည်းနဲ့ မလုံလောက်နိုင်ပါဘူး။ လူတိုင်းကိုယ်စီ အသိစိတ်ဓာတ်နဲ့ လိုက်နာဖို့လိုပါတယ်။ ဒါမှ ယာဉ်တိုက်မှုတွေ လျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်" ဟု ဒုတိယရဲမှူး ဗိုလ်တက်က ပြောပြခဲ့သည်။

ထို့အပြင် ယာဉ်မောင်းနှင်သူတစ်ဦးကလည်း "အဝိုင်းတွေမှာ အဝိုင်းပတ်ယာဉ်ကို ဦးစားမပေးဘဲ ဖြတ်ထွက်တာ ခဏခဏတွေ့ရပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိပါလျက် ကျူးလွန်တဲ့သူတွေရှိသလို မသိလိုက်ဘဲ ကျူးလွန်မိသွားတဲ့သူတွေရှိပါတယ်။ ယာဉ်မောင်းနှင်သူတွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိပြီးမှ ယာဉ်တွေကိုမောင်းနှင်စေချင်ပါတယ်။ ဒီလိုစည်းကမ်းတွေကို ကောင်းကောင်းနားလည်နိုင်ဖို့ ပညာပေးအစီအစဉ်တွေ များများလုပ်ပေးစေချင်ပါတယ်။ ဦးထုပ်ဆိုတာကလည်း မတော်တဆမှုဖြစ်လာရင် ကိုယ့်အသက်ကို အကာအကွယ်ပေးတဲ့ဟာပါ။ ဒါကိုဆောင်းသွားရင် လုံခြုံမှုပိုရှိတာပေါ့" ဟု ပြောပြခဲ့သည်။

(ကျော်သူထက်)

ဦးကျော်/ဆရာ

(၇-၉-၂၀၁၃) မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံပြီး ဆရာချစ်သော မိသားစုနှင့်အတူ နှစ်ပေါင်းရာကျော်တိုင် ဆင်နွှဲနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

ကိုရဲ၊ ကိုမြတ်သူ+မကေ

စကားပြောသောအသဲနှလုံးပိုင်ရှင် အကယ်ဒမီ ဦးသိန်းမောင်ကြီး

မြန်မာဇာတ်ကားကြိုက်နှစ်သက်ကြသည့် ရုပ်ရှင်ပရိသတ်များအနက် ရှေ့မီနောက်မီ ပရိသတ်များအနေဖြင့် 'စကားပြောသောအသဲနှလုံး' ဇာတ်ကား ဟု ဆိုလိုက်လျှင် ယင်းဇာတ်ကားထဲမှ အသံဩဇာကောင်းကောင်းနှင့် တစ်ချိန်က ပရိသတ်များ၏ ရင်ထဲတွင် စွဲစွဲလမ်းလမ်း ကြိုက်နှစ်သက်ခဲ့ရသည့် အကယ်ဒမီ ဦးသိန်းမောင်ကြီးကို အမှတ်ရနေကြမည်ဖြစ်ပေသည်။

အကယ်ဒမီ ဦးသိန်းမောင်ကြီး၏ အမည်ရင်းမှာ ဦးသိန်းမောင်ဖြစ်ပါသည်။ ဦးသိန်းမောင်ကြီးသည် အနုပညာလောကသို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့သူ တစ်ဦးဖြစ်ကာ ၁၉၆၈ ခုနှစ်က ဒါရိုက်တာ ဦးသုခ ရိုက်ကူးသည့် 'စကားပြောသော အသဲနှလုံး' ဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ဆု (အကယ်ဒမီ)ရရှိခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။

ဦးသိန်းမောင်ကြီး၏ ထူးခြားသော ဟန်ပန်မှာ ဆေးလိပ်သောက်ရင်း စကားပြောဆိုသရုပ်ဆောင်မှု၊ အသံဩဇာပြည့်ဝမှု၊ နိုင်နင်းကျွမ်းကျင်စွာ စကားလုံး ရွေးချယ်တတ်မှုနှင့် ဟန်မပျက် အသက်ဝင်လှသော ရယ်မောဖွယ်ရာ ဟာသပြက်လုံးများ ပြောဆိုတတ်မှုတို့ကား မေ့ဖွယ်ရာ မရှိပေ။

ဦးသိန်းမောင်ကြီးသည် ၁၉၄၅ ခုနှစ်တွင် ဒဂုန်ဆရာတင်၏ ကူညီမှုဖြင့် လွင်လွင်ရုံ၌ 'တဝါတွင်း' ပြဇာတ်တွင် ပါဝင်ခဲ့ပြီး ဆက်လက်ပါဝင်ခဲ့သည့် 'တညကွင်း' ပြဇာတ်တွင် အထူးအောင်မြင်မှုရရှိခဲ့ကာ ထိုအချိန်မှစ၍ ဦးသိန်းမောင်ကြီး ဟူသောအမည်ကို ပရိသတ်က စတင်အသိအမှတ်ပြု လက်ခံခဲ့ကြပါသည်။

ဦးသိန်းမောင်ကြီးသည် ပြဇာတ်မင်းသားအဖြစ် လှုပ်ရှားနေစဉ်ကာလအတွင်း 'တို့အိမ်ကြီး'၊ 'တလှေ့ထဲစီး'၊ 'ဝေသာလီ' စသည့်ပြဇာတ်များကပြခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် 'ငယ်ကျွမ်းဆွေ'၊ 'နေရီရီ'၊ ချစ်လင်းရောင်ခြည် စသည့် ပြဇာတ်များတွင် ပါဝင်ခဲ့ပါသည်။

ထိုသို့ ပြဇာတ်လောကတွင် အောင်မြင်လျက်ရှိရာမှ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်ရုပ်ရှင်မှ ဒါရိုက်တာ ဒဂုန်ဆရာတင်ရိုက်ကူးသော 'မုန်းပါနဲ့မေရယ်' ဇာတ်ကားသည် ဦးသိန်းမောင်ကြီး ပထမဆုံးသောအသံထွက် ဇာတ်ကားဖြစ်ခဲ့ပါသည်။ ထို့ပြင် သရုပ်ဆောင်ကောင်းတို့မည်သည် မိမိပါဝင်ရသောအခန်းကဏ္ဍကို ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်ခြင်း သည်သာ အောင်မြင်မှုဖြစ်သည်ဟု ခံယူထားသူ အကယ်ဒမီ ဦးသိန်းမောင်ကြီးသည် ပြဇာတ်လောက၊ ရုပ်ရှင်လောကတို့တွင် ဇာတ်ပို့၊ ဇာတ်ရံအဖြစ် အကြမ်း၊ အလွမ်း၊ ဟာသတို့ကို သဘာဝကျကျ သရုပ်ဆောင်နိုင်ခဲ့သဖြင့် ပရိသတ်များ၏ ရင်ထဲတွင် ယနေ့ထက်တိုင် စွဲမြဲနေသည့် အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်။

အကယ်ဒမီ ဦးသိန်းမောင်ကြီး၏ အနုပညာ သက်တမ်းတစ်လျှောက် ပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားပေါင်း ၁၀၀ အနက် 'စကားပြောသော အသဲနှလုံး'၊ 'ပြုံးစမ်းပါမောင်'၊ 'ရေစီးတခါရေသာတစ်လှည့်'၊ 'ချစ်လှိုင်းသံ'၊ 'မောင့်အချစ်တော်'၊ 'ဂုဏ်ရှိန်မြင့်တဲ့သူရယ်'၊ 'အကြောင်းရှာသော်'၊ 'မွေး'၊ 'မိုးနဲ့မြေလွှာ'၊ 'နန်းတွင်းအရေးတော်ပုံ'၊ 'လူဆိုးတွေနဲ့မောင်တိုင်ပင်'၊ 'သူနဲ့သူ'၊ မိုက်တယ်ဆိုတာလွယ်ပါတယ်၊ 'မိုးပုလဲ' နှင့် 'တိမ်မဲညို' ဇာတ်ကားများတွင် အောင်မြင်မှုရရှိခဲ့ပြီး 'သည်သောင်ယံက မခွာရက်တယ်' ဇာတ်ကားတွင် ခေတ်ပြိုင်သရုပ်ဆောင် ဦးကျော်လုံးနှင့်အပြိုင် သရုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် မိုးပုလဲနှင့်တိမ်မဲညိုဇာတ်ကားသည် ဦးသိန်းမောင်ကြီး၏ နောက်ဆုံးရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်ပြီး အဆိုပါ ဇာတ်ကားမပြီးဆုံးခင် ကွယ်လွန်သွားခဲ့ပါသည်။

'စကားပြောသောအသဲနှလုံး' ဇာတ်ကားတွင် ဒါရိုက်တာ ဦးသုခက 'သိန်းမောင်ကြီး၊ မင်းဒီကားမှာ အကယ်ဒမီရကိုရရမယ်၊ ကြိုးစားစမ်း တပည့်ရေ" ဟု ပြောစကားကြောင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကယ်ဒမီဆုကြီးကို ထိုက်ထိုက်တန်တန် အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မမျှော်လင့်ဘဲ အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး ထိုခေတ်ထိုအခါက ပရိသတ်များအကြိုက် အကြမ်း၊ အလွမ်းနှင့် ဟာသများဖြင့် ပရိသတ်အား ပေးဆပ်နိုင်ခဲ့သူ မြန်မာ့ခေတ်ဟောင်း အနုပညာကြယ်ပွင့် အကယ်ဒမီ ဦးသိန်းမောင်ကြီးသည် ၁၉၇၄ ခုနှစ် ဇွန် ၆ ရက်တွင် ကြွေလွင့်ခဲ့ရသော်လည်း မြန်မာ့ရုပ်ရှင်ပရိသတ်၏ ရင်ထဲတွင် သတိရအောက်မေ့နေမိကြမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ **(ကြေးမုံ)**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲမင်းခန့်၊ ၁၀/မလမ(နိုင်) ၂၂၇၀၁၀ ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၄၀၁၇၄၇

မိဘအမည်မှန်

တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်နေမျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအုံးမြင့်နှင့် မိခင်အမည်မှန်မှာ ဒေါ်ခင်မာကြည်ဖြစ်ပါကြောင်း။

အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅၁၄/၅၁၈)၊ Penthouse၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်တွင် တည်ရှိသော တိုင်းရင်းမေဆောက်လုပ်ရေးအဖွဲ့ ဦးသိန်းထိုက်ဦး(ကန်ထရိုက်တာအကြီးတန်းလိုင်စင်အမှတ်(LC-312)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁ လမ်း၊ အမှတ်(၈၈/၉၀)ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၀အိုင်၂)၊ မြေကွက်အမှတ်(II၆၂)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်၌ မြေညီထပ်(၄)ခန်းတွဲ၊ ကျန်(၇)ထပ် (၂)ခန်းတွဲနှင့် Penthouseအပါအဝင် (၈½)ထပ်တိုက် R.C.C တိုက်သစ်အဆောက်အအုံတွင် ဓာတ်လှေကား(၁)စင်း ထည့်သွင်း၍ ဆောက်လုပ်မည် ဖြစ်ပါသည်။ ဂရန်မြေကွက် အမည်ပေါက် မြေပိုင်ရှင်(၅)ဦးနှင့် သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ အဆောက်အအုံဆောက်လုပ်ခွင့် ပါမစ်ရရှိပြီးဖြစ်ပါသောကြောင့် တိုင်းရင်းမေဆောက်လုပ်ရေးအဖွဲ့မှ တိုက်သစ် အဆောက်အအုံအား စတင်ဆောက်လုပ်နေပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေဝင်း

တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၃)

တိုက်(၅)၊ အခန်း(၆)၊ ဘုရင့်နောင်အိမ်ရာ၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်

ဖြိုးခန္ဓာမြင့် ခုခည်းရေးသားသည်

စေတနာ့ဝန်ထမ်းအကျိုးဆောင် ဂုဏ်ပြုဆု လက်ခံရယူမည့် ဟောလိဝုဒ်ကြယ်ပွင့် ဂျိုလီ

ရုပ်ရှင်ဝိဇ္ဇာနှင့်သိပ္ပံအကယ်ဒမီမှ ဟောလိဝုဒ်ကြယ်ပွင့် အိန်ဂျလီနာဂျိုလီအား ဟောလိဝုဒ်၏ စေတနာ့ဝန်ထမ်းအကျိုးဆောင်ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်၌ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပမည့် (၅)ကြိမ်မြောက် နှစ်ပတ်လည် Governors Awards ဆုပေးပွဲ အခမ်းအနားတွင် ဂျိုလီက အကယ်ဒမီဆုပေးပွဲ၏ တန်ဖိုးအမြင့်ဆုံးဆုဖြစ်သည့် Jean Hersholt Humanitarian Award ကို လက်ခံရယူရမည်ဖြစ်ပြီး ဂျိုလီနှင့်အတူ ဟောလိဝုဒ်ကြယ်ပွင့်များဖြစ်ကြသည့် Lansbury၊ Martin နှင့် Tosi တို့လည်း သက်ဆိုင်ရာ ဂုဏ်ပြုဆုအသီးသီးကို လက်ခံရယူကြမည်ဖြစ်သည်။

ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီသည် ၁၉၉၉ ခုနှစ်က ထွက်ရှိခဲ့သည့် Girl, Interrupted ဇာတ်ကားဖြင့် အော်စကာဇာတ်ပို့ဆုရရှိဆွတ်ခူးခဲ့ပြီး ယခုလက်ရှိတွင်လည်း UNHCR ၏ အထူးသံတမန်တစ်ဦးအဖြစ် လူသားချင်း အကူအညီပေးရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသူ တစ်ဦးဖြစ်သည်။

ဒေဂျုံရုပ်ရှင်ပွဲတော်၏ အကျိုးတော်ဆောင်သံတမန်များအဖြစ် ဆောင်ရွက်မည့် ချိမင်ဆူးနှင့် လီဗြောင်ဟွန်း

တောင်ကိုရီးယား ကြယ်ပွင့်များဖြစ်ကြသည့် လီဗြောင်ဟွန်းနှင့် ချိမင်ဆူးတို့အား တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် အကြိမ် (၅၀)မြောက် ဒေဂျုံရုပ်ရှင်ဆုပေးပွဲ အခမ်းအနား၏ စေတနာ့အကျိုးဆောင် သံတမန်များအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။





အဆိုပါရုပ်ရှင်ဆုပေးပွဲကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ နာမည်ကျော် သရုပ်ဆောင်များဖြစ်ကြသည့် ၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့် (၄၉)ကြိမ်မြောက် ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုနှင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိဆွတ်ခူးခဲ့ကြသူများဖြစ်ကြသဖြင့် မကြာမီကျင်းပမည့် ဆုပေးပွဲ အခမ်းအနားတွင် ယင်းကဲ့သို့ အကျိုးဆောင် သံတမန်များအဖြစ် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၎င်းတို့နှစ်ဦး၏ တောင်ကိုရီးယားနှင့် အာရှ၌သာမက ကမ္ဘာ့အဆင့်ထိပင် ထိုးဖောက်နိုင်သည့် အနုပညာရှင်များကြပြီး ကိုရီးယားရုပ်ရှင်လောကတွင်လည်း ထိပ်တန်းအဆင့်ရှိသည့် အနုပညာရှင်များဖြစ်သည့်အတွက် ယခုကဲ့သို့ ရုပ်ရှင်ပွဲတော်၏ သံတမန်အဖြစ် ခန့်အပ်ရခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားသည်။

ယင်းရုပ်ရှင်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ကေဘီအက်စ်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနားကို KBS 2TV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ဒေဂျုံရုပ်ရှင်ဆုပေးပွဲအခမ်းအနားသည် ကိုရီးယားနိုင်ငံ၏ ထင်ရှားသော ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်ပြီး ယင်းပွဲတော်ကို ၁၉၆၂ ခုနှစ်မှ စတင်ကာ ကိုရီးယားရုပ်ရှင်လောက၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇာတ်ကားများ၏ အရည်အသွေးများ တိုးတက်မြင့်မားစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

ဖိတ်ကြားခြင်း

အထက၊ ဒဂုံ(၁)မှ ၂၀၁၂-၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားပေးခဲ့ပါသော ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် အောက်ပါအချိန်အတိုင်း တက်ရောက်ပေးပါရန် ကျောင်းသား၊ ကျောင်းသူများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၈-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီ

ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

နည်းပညာသတင်း

ALEZ & TIKILA

ဆန်းပြားသောဖန်တီးမှုများနှင့် ပန်းသီးအသစ်ပေါ်ထွက်မည်

လာမည့် စက်တင်ဘာ ၁၀ ရက်တွင် ကမ္ဘာကျော်ပန်းသီး (Apple) ထုတ်ကုန်သစ်တစ်မျိုး ပေါ်ထွက်တော့မည့် ဖိတ်ကြားလွှာတစ်စောင်ကို တွေ့လိုက်ရသည်။ အဆိုပါဖိတ်ကြားလွှာကို နည်းပညာနှင့် အနုပညာများ ပေါင်းစပ်ကာ ဆန်းသစ်ဖန်တီးခဲ့ကြသည်ဟု ဆိုသည်။ မြင်တွေ့နေကျ စာလုံးများစွာမပါဝင်ဘဲ အရောင်များနှင့် အဓိပ္ပာယ် ဖော်ညွှန်းထားသည်။ အလွယ်တကူကြည့်ရှုသိမြင်နိုင်စေရန်အတွက် ရေးသားထားသော "Brighten everyone's day" ဆိုသည့် အင်္ဂလိပ်စာလုံးများသည် အဆိုပါနေ့တွင် မျက်မြင်လက်တွေ့ မိတ်ဆက်ပေးမည့် ပန်းသီးဖုန်း Apple iPhone 5S ၏မျက်နှာပြင် နည်းပညာပိုင်းဆိုင်ရာ အသစ်အတွက် ရည်ညွှန်းသည်ဟု ပန်းသီး၏ စာမျက်နှာများတွင် ဆိုထားသည်။

စက်တင်ဘာ ၁၀ ရက်တွင် မျက်မြင်လက်တွေ့ မိတ်ဆက်ပေးမည့် ပန်းသီးဖုန်း နှစ်မျိုးဖြစ်သည့် iPhone 5S နှင့် iPhone 5C တို့မှာ ယခင် ထုတ်လုပ်ဖြန့်ချိပြီးသော ပန်းသီးဖုန်းများနှင့် မတူဘဲ ထူးခြားစွာ အရောင်များကို အသုံးပြုထားသည်ဟု သိရှိရပါသည်။ ဖိတ်ကြားလွှာတွင် ထည့်သွင်းပေးထားသော အရောင်စုံစက်ဝိုင်းများမှာလည်း အသစ်ထွက်ရှိလာမည့် ပန်းသီးဖုန်း iPhone များတွင် ထည့်သွင်းဖန်တီးထားသော အရောင်များဖြစ်သည်ဟု ပန်းသီးစာမျက်နှာများတွင် တွေ့ရှိရသည်။ ယခင်က ကြေညာထားသောတန်ဖိုးနည်းပန်းသီးဖုန်းဖြစ်သည့် iPhone 5C ကို ယခင်က သတ်မှတ်ထားသောဈေးနှုန်းမျိုး မဟုတ်ဘဲ အမေရိကန်ဒေါ်လာ ၁၀၀ တန်ဖိုးမျှလောက်ဖြင့် ဈေးကွက်အတွင်း ဖြန့်ချိပေးမည်ဖြစ်ကြောင်းကိုလည်း အဆိုပါပန်းသီးစာမျက်နှာများတွင် တွေ့ရှိရသည်။

ပုံတွင် ရောင်စုံစက်ဝိုင်းများအနက် အရောင်မပါသော စက်ဝိုင်းလေးခုသည် ပန်းသီးလုပ်ငန်းတွင်း ဆုံးရှုံးသွားခဲ့သည့် အရေးပါအရာ ရောက်သော ပညာရှင်များဖြစ်ကြသည့် Steve Jobs, John Browett, Bob Mansfield, Scott Forstall တို့ လေးဦးကို ကိုယ်စားပြုသည်ဟု ပန်းသီး၏ ပြန်ကြားရေးမီဒီယာများတွင် တွေ့ရှိရသည်။ တန်ဖိုးနည်း ပန်းသီးဖုန်းတွင် ပလတ်စတစ် အကောင်းစားတစ်မျိုးကို အသုံးပြုထားပြီး ပန်းသီးဖုန်း အမျိုးအစားအသစ် iPhone 5S တွင်မူ ယခင်ထုတ်လုပ်ရောင်းချပေးထားသောပုံစံအတိုင်း သတ္တုစပ်အကောင်းစားများ အသုံးပြုထားသည်ဟု သိရှိရသည်။ ဖိတ်ကြားလွှာဖန်တီးရာတွင် စက်ဝိုင်းပုံစံများ စုစုပေါင်း ၂၅ ခု ပါဝင်ပြီး ၎င်းစက်ဝိုင်း ၂၅ ခုသည် နံပါတ် ၅ ၏ ထပ်ညွှန်းကိန်း Five-Squared ကို ဆိုလိုစေပြီး အဆိုပါထပ်ညွှန်းကိန်းအတိုကောက်အခေါ် 5S ဟု အမည်ပေးထားခြင်းဖြစ်ကြောင်း ပန်းသီး၏ပြန်ကြားရေးစာမျက်နှာတွင် တွေ့ရှိရသည်။

အိမ်တိုင်ရာရောက် သက်စမ်းရေ

ကလေး စက်တင်ဘာ ၆

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရသစ် တာဝန်ယူသည့် လပေါင်း ၃၀ အတွင်း ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ကျန်ရှိသည့်လပေါင်း ၃၀ အတွင်း ပြည်သူဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးရေး ဦးစားပေးလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး၊ အလုပ်အကိုင်များ တိုးတက်ရရှိနိုင်ရေးနှင့် စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်

ဤသို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့၏ နယ်စပ် ဝေဠုဝန်တောင် (ဝေဘူလတောင်)ခြေရင်းတွင်တည်ရှိသော ရေစိုကျေးရွာလေးတွေ သောက်သုံးရေသန့်ရရှိရေးအတွက် ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သိန်း အကုန်အကျခံပံ့ပိုး ဆောင်ရွက်မှုနှင့် ကျေးရွာနေပြည်သူများ၏ကြိုးစားအားထုတ်ဆောင်ရွက်မှုဖြင့် ရေစိုကျေးရွာလေး၏ အိမ်ခြေ ၂၆ အိမ်ရှိ ပြည်သူများထံ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပြီး ရေဘားများတပ်ဆင်ကာ သဘာဝသက်စမ်းရေသန့်ကို လုံလောက်ပိုလျှံစွာ ရှာလုံးကျွတ်ရရှိနိုင်အောင် ဆောင်ရွက်ပေးထားသည်။

အဆိုပါ ရေစိုကျေးရွာလေးသည် စတင်တည်ထောင်သည့် ၁၉၄၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ သန့်ရှင်းသော သောက်သုံးရေ မရရှိသည့်အတွက် ကျေးရွာသူ ကျေးရွာသားများသည် ရေကောင်းရေသန့်ရရှိရန် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပါ။ ရွာလုံးကျွတ်အသုံးပြုရန် တူးဖော်ထားသော ရေတွင်းတစ်တွင်းသာရှိပြီး အဆိုပါရေတွင်းသည်လည်း သန့်ရှင်းမှုမရှိဘဲ သောက်သုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေသောကြောင့် ကျေးရွာနေပြည်သူများသည် သောက်သုံးရေအတွက် အခြားရေတွင်း၊ ရေကန်ငယ်များနှင့် ချောင်းများအတွင်းမှ ရေများကိုသာ သုံးစွဲနေရ၍ ကျန်းမာရေးပြဿနာများ ရင်ဆိုင်နေကြရသည်။

သို့သော်လည်း ယခုအချိန်တွင် ရေစိုကျေးရွာလေးအတွက် သောက်သုံးရေသန့်သက်စမ်းရေသည် ချင်းပြည်နယ် ပန်းမွှန်ချောင်းကျေးရွာနေ ဒေါ်မြင့်မြင့်၏ လယ်ကွက်မှ သဘာဝအတိုင်း အလိုအလျောက် စိမ့်ထွက်လာသော သဘာဝစိမ့်စမ်းရေကို ပလတ်စတစ်ပိုက်လုံးများဖြင့် အရှည်ပေ ၃၃၅၀ ကျော်နှင့် ရေတိုင် ငါးတိုင်ပြုလုပ်ပြီး ကျေးရွာအရောက် သွယ်တန်းပေးထားရာ ရေစိုကျေးရွာနေပြည်သူများသည် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာရရှိကြပြီဖြစ်သည်။

သို့ဖြစ်၍ ရေစိုကျေးရွာနေ ပြည်သူများသည် ရွာစတင်တည်ထောင်သည့် သက်တမ်း ၆၃ နှစ်ကျော်အတွင်း သန့်ရှင်းသော သောက်သုံးရေမရရှိဘဲ စိတ်ဆင်းရဲစွာနေထိုင်စားသောက်ကြရာမှ ယခုကဲ့သို့ နယ်စွန်နယ်ဖျားရှိ ကျေးရွာငယ်လေးများပါမကျန် နိုင်ငံတော်အစိုးရ၏ စေတနာထားရှိမှုကို ရေစိုကျေးရွာလေးကလည်း သောက်သုံးရေသန့် သဘာဝသက်စမ်းရေအားဖြင့် အပြည့်အဝခံစားနိုင်ကြသည့်အတွက် ကျေးရွာနေပြည်သူများအားလုံး ပျော်ရွှင်ဝမ်းမြောက်လျက်ရှိနေကြောင်း သိရသည်။ **(ဂျူနိုင်း)**

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဂျပန် JGAS ပုံနှိပ်လုပ်ငန်းပြပွဲသို့ သွားရောက်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ(၂)ရက်မှ (၅)ရက်အထိ ကျင်းပမည့် Japan Graphic Arts Show ပုံနှိပ်လုပ်ငန်းဆိုင်ရာပြပွဲသို့ တက်ရောက်လေ့လာရန် အစီအစဉ်ရှိပါသည်။ လိုက်ပါလိုသော အသင်းဝင်များ အသင်းရုံးခန်းသို့ စက်တင်ဘာလ(၁၀)ရက် နောက်ဆုံးထား စာရင်းပေးသွင်းပါရန် အသိပေး ကြေညာအပ်ပါသည်။

အသင်းရုံးခန်း - အခန်း(၆၀၁)၊(၆)လွှာ၊UMFCCI အဆောက်အအုံ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊

ဖုန်း - ၂၃၀၀၁၉၇၊ ၂၃၀၀၁၉၈

ကုမ္ပဏီအမည်၊ အမှတ်တံဆိပ်နှင့်ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်-၂၇၆နှင့် ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၀၄)၊ မြေညီထပ်တွင် တည်ထောင်ဖွင့်လှစ်ထားသော အောက်တွင်ယှဉ်တွဲဖော်ပြထားသည့် ကုမ္ပဏီအမည်၊ အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်တို့ကို ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီးသည့်အချိန်မှစတင်၍ သုံးစွဲခဲ့ပြီး ကုန်အမှတ်တံဆိပ်အဖြစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Myanma Traditional Mfg Co.,Ltd
မြန်မာ့ရိုးရာ စက်မှုလက်မှု ကုမ္ပဏီလီမိတက်
၄/၄၃၅/၂၀၁၃
မှတ်ပုံတင်အမှတ်-၁၉၅၂/၂၀၀၅-၂၀၀၆

၁။ Myanmar Traditional Mfg Co.,Ltd,. မြန်မာ့ရိုးရာစက်မှုလက်မှုကုမ္ပဏီလီမိတက် အမည်၊ အမှတ်တံဆိပ်၊ ကုန်အမှတ်တံဆိပ်ဖြင့် ပုသိမ်ထီးအမျိုးမျိုး၊ ယွန်းထည်အမျိုးမျိုး၊ ပရိဘောဂအမျိုးမျိုး၊ ရတနာပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ဖောက်ကားခြင်း၊

Life Umbrella Tours Co.,Ltd
ရှင်သန်ခြင်းထီး ခရီးသွားကုမ္ပဏီလီမိတက်
ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၀၃၂/၂၀၁၀-၁၁

၂။ Life Umbrella Tours Co.,Ltd. ရှင်သန်ခြင်းထီးခရီးသွားကုမ္ပဏီလီမိတက်အမည်၊ အမှတ်တံဆိပ်ဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်း၊ ခရီးစဉ်ဆောင်ရွက်မှုဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း။

Life Orient Trading Co.,Ltd
ရှင်သန်ခြင်း အရှေ့တိုင်း ကုမ္ပဏီလီမိတက်
ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၆၈၂/၂၀၁၀-၁၁

၃။ Life Orient Trading Co.,Ltd. ရှင်သန်ခြင်းအရှေ့တိုင်းကုမ္ပဏီလီမိတက် အမည်၊ အမှတ်တံဆိပ်၊ ကုန်အမှတ်တံဆိပ်ဖြင့် လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်ရုံသုံးပစ္စည်းများနှင့်ကုန်ကြမ်းပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်သုတ်ဆေးအမျိုးမျိုး၊ ယာဉ်နှင့်စက်ကိရိယာအပိုပစ္စည်းများတို့ကို ထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ဖောက်ကားခြင်း၊

အထက်တွင် ယှဉ်တွဲဖော်ပြထားသော ကုမ္ပဏီအမည်၊ အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်တို့ကို ပူးတွဲဖော်ပြထားသော ကုမ္ပဏီလီမိတက်၏ တစ်ဦးတည်းမူပိုင်သုံးစွဲလျက်ရှိနေသော အမည်၊ အမှတ်တံဆိပ်နှင့်ကုန်အမှတ်တံဆိပ်တို့ဖြစ်ပါကြောင်းနှင့်အဆိုပါကုမ္ပဏီအမည်၊ အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်တို့ကို မည်သူတစ်ဦး တစ်ယောက်မျှ တစ်ခုလုံးဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့သော် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းမာတင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၄)
အမှတ်(၇၇)၊ ဓမ္မာရုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၇၂၀၈၇၂၊ ၀၁-၅၀၂၅၁၁

အသည်းအစားထိုးကုသမှုအကြောင်းဆွေးနွေးဟောပြောပွဲ

အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့ရှိ
Apollo Gleneagles Hospitals မှ
အသည်းအထူးကုဆရာဝန်ကြီး Dr.Mahesh Kumar
Goenka သည် အသည်းအစားထိုးကုသမှု
(Liver Transplant at Apollo Gleneagles Hospital)နှင့်
ပတ်သက်၍ ဆွေးနွေးဟောပြောပွဲ ပြုလုပ်မည် ဖြစ်ပါ၍
ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့စွဲ - ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)
အချိန် - မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ
နေရာ - **Traders Hotel** (ကုန်းဘောင်ခန်းမ)

ကျေးဇူးဆပ်ပါမည်

မမိတ်ဆုန်[၁၃/ကခန(နိုင်)၀၀၀၃၅၀]၏ မှတ်ပုံတင်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၃၀၅၉၊ ၀၉-၂၀၃၇၈၅၈၊ ၀၉-၄၉၂၇၇၁၉၉၊ ၀၉-၇၃၂၄၀၉၆၉၊ ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၃၉၉၉)၊ ၂၉၇၆၀၀ (လိုင်းခွဲ-၃၉၉၉)



မေဝယ်သာနှင့် အယ်လ်ဗာရက်ဇ်တို့ စက်တင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဖလွိုက်မေဝယ်သာနှင့် မက္ကဆီကို လက်ဝှေ့သမား အယ်လ်ဗာရက်ဇ်တို့သည် စိန်ခေါ်ပွဲတစ်ရပ်အနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် လက်စ်ဗီးဂတ်စ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မေဝယ်သာသည် ၄၄ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့သလို အသက်(၂၃) နှစ်အရွယ်ရှိ မက္ကဆီကိုလက်ဝှေ့သမား အယ်လ်ဗာရက်ဇ်သည်လည်း ၄၃ ပွဲ ရှုံးပွဲမရှိစံချိန်တင်ထားသူဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲတွင် အယ်လ်ဗာရက်ဇ်ကို အလဲထိုးကာ အနိုင်ရရှိခဲ့ပါက ဖလွိုက်မေဝယ်သာအနေဖြင့် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ သန်းဝင်ငွေရရှိမည်ဖြစ်သည်။

နာနီအား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် မန်ယူချုပ်ဆို

မန်ယူအသင်းသည် အသက် (၂၆) နှစ်အရွယ် ပေါ်တူဂီ တောင်ပံကစားသမား နာနီအား စာချုပ်သက်တမ်း တစ်နှစ်ကျန်နေသေးသော်လည်း ၂၀၁၈ ခုနှစ်အထိ အိုးထရက်ဖို့ဒ်၌ ဆက်ရှိနေစေရေးအတွက် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်သည်။

တောင်ပံကစားသမား နာနီသည် ၂၀၀၇ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းနှင့် ပတ်သက်၍ မန်ယူအသင်းက အတိအလင်းကြေညာခဲ့သည့်အပြင် နာနီအနေဖြင့် ယခုကဲ့သို့ စာချုပ်သက်တမ်းတိုးခဲ့ခြင်းကြောင့် အတိုင်းမသိဝမ်းမြောက်မိသည်ဟု ပြောကြားခဲ့ကြောင်း အသင်းနည်းပြဒေးဗစ်မိုယက်က အသင်း၏တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရာသီကမူ တောင်ပံကစားသမားနာနီသည် ပရီမီယာလိဂ်ပြိုင်ပွဲ ၁၀ ပွဲသာ ပွဲထွက်ကစားခဲ့ရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် ပြင်ဆင်ခဲ့သည့်အပြင် ပီအက်စ်ဂျီ၊ မိုနာကို၊ ဇင်းနစ်စသည့်အသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရသည်။

သို့ရာတွင် လက်ရှိ၌မူ နာနီအနေဖြင့် အိုးထရက်ဖို့ဒ်နှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ပြီဖြစ်ကြောင်း သိရသည်။

ငွေကြယ်

လက်ရှိအမေရိကန်အိုးပင်းချန်ပီယံ အန်ဒီမာရေး ဝေါရင်ကာကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရ

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းကွာတားဖိုင်နယ်ပွဲစဉ်များကို နယူးယောက်မြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိအမေရိကန်အိုးပင်းအမျိုးသားတစ်ဦးချင်း ချန်ပီယံအန်ဒီမာရေးသည် ဆွစ်ဇာလန် အဆင့်(၉)တင်းနစ်ကစားသမား ဝေါရင်ကာကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် လက်ရှိချန်ပီယံဘွဲ့ကို မကာကွယ်နိုင်ခဲ့သည့်အပြင် ပြိုင်ပွဲမှ ထွက်လိုက်ရပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တင်းနစ်ကစားသမား ဝေါရင်ကာသည် ဗြိတိန်တင်းနစ်အကျော်အမော်အန်ဒီမာရေးကို ၆-၄၊၆-၃၊၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဝေါရင်ကာအတွက် ပထမဆုံးအကြိမ် ဂရင်းဆလမ်းဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝေါရင်ကာသည် အမေရိကန်အိုးပင်းအမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရုရှားတင်းနစ်ကစားသမား ယုဇ်နီအား ၆-၃၊ ၆-၂၊ ၃-၆၊ ၆-၂ ဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် အနိုင်ရရှိခဲ့သော ဆာဘီးယားတင်းနစ်အကျော်အမော် ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရွှေဇေယျာဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

စစ်ကိုင်း စက်တင်ဘာ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်မြင့်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ရွှေဇေယျာဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၅ရက် ညနေ ၄ နာရီက စစ်ကိုင်းမြို့မ အားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် စစ်ကိုင်းမြို့ အနောက်ပိုင်းလူငယ်အသင်းနှင့် ပုလဲဖြူဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုလဲဖြူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမရရှိသည့် ပုလဲဖြူအသင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးခင်မောင်မြင့်က တံခွန်စိုက်ဖလားနှင့်ငွေသားနှစ်သိန်းကိုလည်းကောင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမြင့်ဝေက ဒုတိယရရှိသည့်အနောက်ပိုင်းလူငယ်အသင်းအား ငွေသားဆုတစ်သိန်းနှင့်ဆုတံဆိပ်များကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ ဇေယျာရွှေမြေဘောလုံးအသင်းပိုင်ရှင်ဦးသူရိန်က အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ တာဝန်ရှိသူက လက်ခံရယူသည်။ ရွှေဇေယျာဖလားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်မှ စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ဘောလုံးအသင်းပေါင်း ၂၅ သင်းယှဉ်ပြိုင်ကစားကြသည်ဟု သိရသည်။ (၂၂၅)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)၊၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(၁) တာမွေ- နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ခြောက်ခန်းတွဲလေးထပ်၊ ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း။
(၂) ဗိုလ်တထောင်မြို့နယ်နှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံးဆောက်လုပ်ခြင်း။
(၃) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
(၄) တင်ဒါပိတ်မည့်ရက် - ၁၂-၉-၂၀၁၃ ရက်
(၅) တင်ဒါဖွင့်မည့်ရက်/ အချိန် - ၁၃-၉-၂၀၁၃ ရက် နံနက် ၁၀း၃၀ နာရီ
(၆) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)၊ ရုံးအမှတ်- ၆၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်တွင် ၅-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၁၁၄၀

ပိုင်ရှင်ကိုယ်တိုင် K IA ကားရောင်းမည်

Morning 1.0-BB (2009) 105L
PRIDE 1.4-BB (2007) 115L
Ph:09-73119632

ဖခင်အမည်မှန်

အထက(၅)၊ ဗိုလ်တထောင်၊ ဒသမတန်း (B)မှ မစိုးယုနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးကစ္စနား[၁၂/ဗတထ(နိုင်)၀၂၅၃၄၁] ဖြစ်ပါကြောင်း။

အပေါင်ဆိုင်ပိုင်ရှင်ဟုဆိုသူ ဗိုလ်မှူးသန်းဦး(ငြိမ်း)နှင့် အများသိစေရန် အထူးကြေညာချက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)၌ ဖော်ပြထားသော တရားလွှတ်တော်ရှေ့နေ ဦးကိုကို၏ မရတနာစိုးမိုးနှင့် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ အထူးပြန်လည်ငြင်းဆိုဖြေရှင်းကြေညာအပ်ပါသည်။ ဗိုလ်မှူးသန်းဦး(ငြိမ်း)ဆိုသူသည် ၎င်းကိုယ်တိုင် စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ အမှတ်(၄၂)ရှိ အပေါင်ဆိုင်ပိုင်ရှင်ဟုလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးဟုလည်းကောင်း၊ မြွက်ဟပြောဆို၍ အချင်းဖြစ်ယာဉ်အမှတ်-၁၀/၁၀၇၆ Belta ဆလွန်းယာဉ်သည် ၎င်းတရားဝင်ပိုင်ဆိုင်ကြောင်း Owner Book အပါအဝင် မော်တော်ကားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများသည် နိုင်ငံတော်မှတရားဝင်ခွင့်ပြုထားသော စာရွက်စာတမ်း အစစ်အမှန်များဖြစ်သည်ဟု ယုံကြည်အောင်ပြောဆို၍ ကျွန်ုပ်၏အမှုသည် မရတနာစိုးမိုး[၁၂/တမန(နိုင်)၀၉၃၄၁၈]အား တန်ဖိုးငွေ ၁၃၂၀၀၀၀၀/- (ကျပ်တစ်ရာသုံးဆယ့်နှစ်သိန်းတိတိ)ဖြင့် ရောင်းချခဲ့သူ ဖြစ်ပါသည်။ ယခုအခါ ဦးသန်းဦးရောင်းချသော အချင်းဖြစ်မော်တော်ကား၏ Owner Book အပါအဝင် မော်တော်ကားအထောက်အထား စာရွက်စာတမ်းများမှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးသည့် ယာဉ်မှတ်ပုံတင်နှင့်ယာဉ်ပိုင်ရှင်စာအုပ် Owner Book များကို အတုအပပြုလုပ်ထားကြောင်း တရားဝင်သိရှိရပါသဖြင့် တရားဥပဒေနှင့်အညီ တရားစွဲဆိုရန် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့စွဲပါ Daily Eleven သတင်းစာ စာမျက်နှာ(၁၈)၌ စာရွက်စာတမ်းအတုပြုလုပ်ပြီး "ကားလိမ်လည်ရောင်းချသူအား အမှုဖွင့်" ခေါင်းစဉ်ဖြင့် ကားပိုင်ဆိုင်မှု စာရွက်စာတမ်း အတုပြုလုပ်ပြီး ကားအားလိမ်လည်ရောင်းချခဲ့သူ သန်းဦးဟု ရေးသားဖော်ပြပြီး ပုံနှိပ်ထုတ်လုပ်ကာ မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ချိထားပြီး ဖြစ်သည်။ Facebook ပါ အချက်အလက်များသည် မှန်ကန်သောအချက်အလက်များဖြစ်ပါသည်။

သို့ဖြစ်၍ ၄-၉-၂၀၁၃ ရက် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးကိုကို၏ မရတနာစိုးမိုးနှင့် အများသိစေရန်ကြေညာချက်ကို ယခုကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးသတိပေးကြေညာအပ်ပါသည်။

မရတနာစိုးမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဖြိုးလတ်(စဉ်-၃၃၀၆၃)
LL.B,DL.101,WIPO(Switzerland)
(အထက်တန်းရှေ့နေ)

ဦးအောင်စိုး(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၈၂)
B.A,R.L,D.B.L,D.M.L.,D.I.L,
Diploma In International Business Organisation(UK)
Diploma In International Intellectual Property Law(UK)

ဒေါ်သီသီဟန်(စဉ်-၃၉၂၃၃)
LL.B,DL.101,WIPO(Switzerland)
(အထက်တန်းရှေ့နေ)

အာဆီယံနိုင်ငံအသိဉာဏ်ပစ္စည်းအဖွဲ့အစည်း၏ အမှုဆောင်ပုဂ္ဂိုလ်
AUNG SOE & ACE TOP LAW FIRM
အမှတ်(၂၄၅) ပထပ်၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၂၄၁၄၃၊ ၀၁-၂၄၉၁၆၃
E-mail: aung.soe.u@gmail.com, Website: www.aungsoeacetop.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်၊ ပင်လုံတက္ကသိုလ်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၉-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်/ အချိန် - ၂၀-၉-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/ အချိန်/ နေရာ - ၂၁-၉-၂၀၁၃ ရက် နံနက် ၁၁း၀၀ နာရီ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်တောင်ပိုင်း
လျှောက်လွှာပုံစံရောင်းချမည့်နေရာ - (၁) ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)၊ အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ (၂)ခရိုင်အင်ဂျင်နီယာမှူးရုံး၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်တောင်ပိုင်း။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ-စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)ရုံး၊ ဖုန်း-၀၁-၃၇၁၁၄၀၊ ၀၁-၃၇၁၁၄၁ သို့ ၉-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည် မခင်သဇင်ဝင်း(ဘ)ဦးဝင်းကြည်[၁၂/ပဘတ(နိုင်)၀၂၇၈၀၈]သည် ၂၁-၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရန်နိုင်အောင်၏ရှေ့မှောက်၌ မောင်ခိုင်ဝင်းဇော် (ဘ)ဦးတင်မင်း(ခ)ဦးဇော်မင်း[၁၂/ ဥကမ(နိုင်)၁၈၇၆၂၆]နှင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲခဲ့ပါသည်။

ယခုတလော ကျွန်ုပ်၏အမှုသည်က တယ်လီဖုန်းဖြင့် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းကို မကြာခဏခံနေရပါသည်။

ဆက်လက်၍ ထိုသို့တယ်လီဖုန်းဖြင့်ဖြစ်စေ၊ SMS ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ နှောင့်ယှက်ခြင်းပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝင်း **B.A(Law) LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇)
အမှတ်-၃၅(ပထပ်)၊ ၂၁-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

မပွန်ရဲစခန်းနယ်မြေနှင့် ဒိုင်းဝန်ကွင်းရဲစခန်းနယ်မြေအတွင်း ခိုးယူတိမ်းရှောင်ခဲ့သော တရားခံလေးဦးနှင့် ဆိုင်ကယ် ၁၈ စီး ပြန်လည်သိမ်းဆည်းရမိ

မော်လမြိုင် စက်တင်ဘာ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးခြင်းနှင့် မုပွန်ရဲစခန်းနယ်မြေအတွင်းရှိ လူစည်ကားရာ နေရာများတွင် မော်တော်ဆိုင်ကယ်များ ပျောက်ဆုံးနေရခြင်းအား ပြန်လည်ဖမ်းဆီးရေးအတွက် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ညွှန်ကြားမှုဖြင့် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညီလှ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မုပွန်ရဲတပ်ဖွဲ့နယ်မြေစခန်း စခန်းမှူးရဲအုပ်ဆန်းဝင်း၊ ဒုတိယရဲအုပ်သိန်းစိုးတို့ ဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အခိုးခံရသည့်မော်တော်ဆိုင်ကယ်များ ပြန်လည်ဖမ်းဆီးမိရေးအတွက် တာဝန်သိပြည်သူများ အကူအညီဖြင့် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ရက်က ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင် ၇ ရက်က ဈေးကြိုရပ်ကွက်နေ မုပွန်ရဲစခန်းပိုင် ကျော်ကျော်ဦး၏ မော်တော်ဆိုင်ကယ်အခိုးခံရခြင်းနှင့် စပ်လျဉ်း၍ မုပွန်ရဲစခန်းသို့ တိုင်ကြားခဲ့ရာ မုပွန်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဆန်းဝင်းနှင့် အဖွဲ့သည် မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းစစ်ဆေးရာ မော်တော်ဆိုင်ကယ်များ ခိုးယူတိမ်းရှောင်သွားသော သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်ပင်လယ်ရပ်ကွက်နေ ဦးတင်မြင့်(၅၈)နှစ်၊ သားဖြစ်သူ နေမင်းထွန်း(ခ) လှလေးစိန် (၂၁)နှစ်၊ ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာနေ မျိုးဆန်း(ခ)တရုတ်ကြီး(၃၃)နှစ်၊ လင်းပိုင်စိုး(ခ)ပိုင်စိုး(၂၈)နှစ်တို့ကို ဆိုင်ကယ် ၁၈ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အပေါ်ပုံ)**

၎င်းတို့၏ အစစ်ခံချက်အရ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ မွန်ပြည်နယ် ကျိုက်ထို မြို့နယ်၊ သိမ်ဇရပ်နှင့် မုပွလင်ကျေးရွာတို့မှ ခိုးယူသွားခဲ့သော မော်တော်ဆိုင်ကယ် ၁၈ စီး ကာလ တန်ဖိုးငွေကျပ် သိန်း ၉၀ ကျော် ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ(ပ) ၁၀၃/၂၁၃၊ ပုဒ်မ-၃၈၀ (ဆိုင်ကယ်)တို့အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မကွေးမြို့ အေးစေတီဘုရားနှင့် မြို့လယ်ဘုရားအလှူခံပုံးများ ခိုးယူသူများအား ဖမ်းဆီးရမိ

မကွေး စက်တင်ဘာ ၆

မကွေးမြို့ ကန်သာရပ်ကွက် အေးစေတီဘုရားမှ အလှူခံပုံးကို ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ခိုးယူသွားခဲ့ရာ မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးခန့်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမျိုးညွန့်တို့ အကူအညီဖြင့် သဲလွန်စများအပေါ် အခြေပြု၍ မကွေးမြို့ မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဦးကျော်စိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်အောင်စိုး၊ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျော်သက်ပိုင်(ခ) ဖိုးသား(ခ) စိုင်းသူရိန်(၁၉) နှစ် သီရိမင်္ဂလာလမ်း သိင်္ဂါဂီရိရပ်ကွက် မကွေးမြို့နှင့် အောင်အောင်(ခ) အောင်ကိုကို(ခ) ဂျပန်ငပု(၁၃) နှစ် မြင်းကင်းရွာ မကွေးမြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အောင်အောင်(ခ) အောင်ကိုကို(ခ) ဂျပန်ငပုအား စစ်ဆေးခဲ့ရာ ၎င်းဝန်ခံချက်အရ ဩဂုတ် ၂၇ ရက်တွင် မကွေးမြို့ မြို့လယ်ဘုရား နှစ်ကျိပ် ရှစ်ဆူဗုဒ္ဓဂန္ဓကုဋိတိုက်အတွင်းရှိ အလှူခံပုံးနှစ်ပုံးအား ဖောက်ထွင်းခိုးယူခဲ့ ကြောင်း ၎င်းနှင့်အတူ ကျူးလွန်ခဲ့ကြသူများမှာ မြတ်ကိုအောင်နှင့် ကျော်မျိုး မင်း(ခ) လားဗီတို့ဖြစ်ကြောင်း သိရသဖြင့် ထိုသူများကို ဆက်လက်ဖမ်းဆီးခဲ့သည်။

ယင်းအမှုနှင့် ပတ်သက်၍ ကျော်သက်ပိုင်(ခ) ဖိုးသား(ခ) စိုင်းသူရိန်နှင့် အောင်အောင်(ခ) အောင်ကိုကို(ခ) ဂျပန်ငပုတို့အား (ပ) ၁၅၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့်လည်းကောင်း၊ မြတ်ကိုအောင်နှင့် ကျော်မျိုးမင်း(ခ) လားဗီတို့အား (ပ) ၁၇၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(၃၃၃)**

မူးယစ်ကိုယစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

သစ်ကိုင်းကျိုးပိမိ၍ သေဆုံး

မိတ္ထီလာ စက်တင်ဘာ ၆

မိတ္ထီလာမြို့ ချည်စက်ရပ်ကွက်နေ ဦးသောင်း(ငြိမ်း) (၆၈) နှစ်သည် စက်တင်ဘာ ၂ ရက်က မြို့တွင်းမှ ပြန်လာစဉ် ချည်စက်ရပ်ကွက် တိုက်ခြောက်လုံးလမ်း ဘောလုံးကွင်းအနီးအရောက်တွင် မဲဇလီပင်ကိုင်းကျိုးကျပိမိ၍ ဦးခေါင်းတွင် ဒဏ်ရာရရှိကာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယင်းသို့ သေဆုံးမှုကို မြို့မရဲစခန်းက သေမှုသေခင်းအမှတ်(၂၆/၂၀၁၃)ဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တင်လှိုင်-မိတ္ထီလာ)**

စိတ်ကြွရူးသွပ်ဆေးပြားရောင်းသူ ထောင်(၁၁)နှစ်ကျ

မိုင်းဖြတ် စက်တင်ဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နားလီကျေးရွာမှ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းသူဒေါ်အီတို့အား စက်တင်ဘာ ၂ရက်က အလုပ်နှင့်ထောင်ဒဏ် (၁၁)နှစ်ချမှတ်လိုက်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ရက် နံနက် ၁၁ နာရီခွဲက မိုင်းဖြတ်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဗိုလ်ဗိုလ်ကျော်ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အသိသက်သေများနှင့်အတူ ဝမ်လုံးကျေးရွာအုပ်စု နားလီကျေးရွာတွင် နေထိုင်သော ဒေါ်အီတို့၏ လယ်တဲကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ လယ်တဲဘေးရှိ ငါးကန်ပေါင်အတွင်း ရွှံ့ဖြင့်ကာရန် ဝှက်ထားသော စိတ်ကြွရူးသွပ်ဆေးပြား(၇၄) ပြားကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် မိုင်းဖြတ်မြို့နယ်ရဲစခန်းက ဒေါ်အီတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ တရားစွဲဆိုတင်ပို့ခဲ့ရာ ခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှတ်၊ ၂/၂၀၁၃ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး တရားခံမှာ ပြစ်မှုထင်ရှားသဖြင့် စက်တင်ဘာ ၂ရက်က အလုပ်နှင့်ထောင်ဒဏ် (၁၁)နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ **သန်းဇော်(မိုင်းဖြတ်)**





သောတပန် ဆီ၊ ဆား၊ ဆေးအလှူတော်၏ ဒသမအကြိမ်မြောက် လှူဒါန်းပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၆

ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒနှင့် တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းသည့် "ဒသမ အကြိမ်မြောက် သောတပန် ဆီ၊ ဆား၊ ဆေးအလှူတော်"၏ မန္တလေးခြောက်မြို့နယ်နှင့် ပုသိမ်ကြီးမြို့ရှိ ဝါဆိုသံဃာတော် အပါး ၅၀ နှင့် အထက်ရှိသော ကျောင်းတိုက်ကြီးပေါင်း ၂၀၇ တိုက်တို့အား ပဲဆီသန့် ပိဿာ ၁၀၈၅၀၊ ဆားပိဿာ ၄၄၃၀နှင့် ဆေးမျိုးစုံ ၂၀၇ထုပ် ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၄ရက်တွင် မန္တလေးမြို့လမ်း ၈၀ ရှိ ရွှေင်းဟုတ်ကုမ္ပဏီရုံးခန်းမ၌ ကျင်းပပြီး ဩဝါဒဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၂၀ ဝ ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် စစ်ကိုင်းတောင်ရိုး၊ လေးကျွန်းမာရ်အောင်ဘုရားကြီး၏ ရင်ပြင်တော်ပေါ်တွင် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ စစ်ကိုင်းမြို့မနှင့် မင်းကွန်းတို့မှ သံဃာတော်များနှင့် သီလရှင်များအား ဆီ၊ ဆား၊ ဆေးများကို လှူဒါန်းသွားမည်ဖြစ်သည်။ ယခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ စစ်ကိုင်းမြို့မနှင့် မင်းကွန်းတို့မှ ကျောင်းတိုက်ပေါင်း ၁၂၇၉တိုက်အတွက် ဆီပိဿာချိန် ၁၆၉၁၀ပိဿာ လှူဒါန်းသွားမည်ဖြစ်ကြောင်း သောတပန်ဆီ အလှူတော်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးအောင်မင်းထံမှ သိရသည်။

ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းသည့် သောတပန် ဆီ၊ ဆား၊ ဆေးအလှူတော်ကို မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ်(ခရစ်နှစ် ၂၀၀၃ခုနှစ်)တွင် စတင်တည်ထောင်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဒသမအကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ သောတပန် ဆီ၊ ဆား၊ ဆေးအလှူတော်ကို မန္တလေးဌာနနှင့် စစ်ကိုင်းဌာနဟူ၍ နှစ်ဌာနခွဲကာ လှူဒါန်းခြင်းဖြစ်ကြောင်း၊ မန္တလေးဌာနတွင် မန္တလေးဓမ္မဒူတအဖွဲ့က ဦးဆောင်လှူဒါန်းကြခြင်းဖြစ်ပြီး ယခင်နှစ်နှင့် ယခုနှစ်တို့တွင် လမ်း(၈၀)တွင် တည်ရှိသည့် ရွှေင်းဟုတ်ကုမ္ပဏီရုံးခန်း၌ လှူဒါန်းကြသည်။ စစ်ကိုင်းဌာနအနေဖြင့် စစ်ကိုင်းတောင်ရိုး၊ လေးကျွန်းမာရ်အောင်ဘုရား ရင်ပြင်တော်ပေါ်တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ စစ်ကိုင်းတောင်ရိုး၊ သောတပန်ရပ်၊ သမိုင်းဝင်လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး၏ (၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျင်းပသည့်ဒသမအကြိမ်မြောက် သောတပန်ဆီ၊ ဆား၊ ဆေး အလှူတော်ပွဲကြီးတွင် ပဋ္ဌမအကြိမ်မြောက်အဖြစ် စာပေဟောပြောပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ စာပေဟောပြောပွဲကို စက်တင်ဘာလ ၆ ရက်နှင့် ၇ရက် ညများတွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမညတွင် နိုင်ငံကျော်စာရေးဆရာ ဆရာမများဖြစ်ကြသည့် မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် စမ်းစမ်းနွဲ့(သာယာဝတီ)တို့က ဟောပြောကြမည်ဖြစ်ပြီး ဒုတိယညတွင် မောင်သာချိုနှင့် ချောအိမာန်(မန္တလေး)တို့က စာပေရေးရာများကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

အသိတရားနှင့် သတိတရား အမြဲထားရှိရမည့် တောင်ပေါ်လမ်း

ကလေး စက်တင်ဘာ ၆

ကလေးမြို့နှင့် ချင်းပြည်နယ်သွားရာ တောင်ပေါ်လမ်းများသည် အတက်အဆင်း၊ အကွေ့အကောက်များစွာ ကျော်ဖြတ်မောင်းနှင်ရသည့်အပြင် လမ်းမြေသား၏ အကျယ်မှာလည်း သာမန်အားဖြင့် ၁၂ ပေ အကျယ်မျှသာရှိသည်။

နှစ်စဉ် မိုးရာသီကာလများတွင် မြေပြိုခြင်း၊ လမ်းမြေသားပြိုခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လမ်းပျက်သည့် နေရာများကို ဆောက်လုပ်ရေးဌာနနှင့် လမ်းအထူးအဖွဲ့တို့မှ တာဝန်ယူလျက် မြေကော်စက်၊ မြေတူးစက်ယန္တရားများဖြင့် လမ်းများကို အချိန်မီ ပြုပြင် ရှင်းလင်းပြီးမှသာ မော်တော်ယာဉ်များ ဖြတ်မောင်းကြသည်။

အဆိုပါ လမ်းမြေပြိုသည့် နေရာများတွင် လမ်းမြေသားအကျယ် ကျဉ်းကျဉ်းသာကျန်ရှိသည့်အပြင် လမ်းမြေသားများလည်း အိပျော့နေခြင်းကြောင့် မော်တော်ယာဉ်များဖြတ်မောင်းသည့်အချိန်တွင် ယာဉ်မောင်းသူနှင့် ယာဉ်အကူများသည် အသိတရားနှင့် သတိတရားအမြဲထားရှိရန် လိုအပ်ပြီး မဆင်မခြင် ဖြတ်မောင်းခြင်းများ မပြုလုပ်ရန် အလွန်အရေးကြီးသည်။

ယခုနှစ် မိုးရာသီအချိန် ဩဂုတ် ၂ ရက်က ဖလမ်းမြို့အနီး ကုန်ပါခရီးသည်အပြည့် တင်ဆောင်လာသော ရွှေဖြူသော့ခရီးသည်တင် မှန်လုံယာဉ်တစ်စီးသည် လမ်းမြေပြိုသည့်နေရာကို အသိတရားမရှိ သတိတရားကင်းမဲ့စွာ မဆင်မခြင်ဖြတ်မောင်းခြင်းကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး လမ်းအောက်ချောက်ထဲသို့ ပေ ၄၀၀ ခန့်အထိကျသွားကာ ခရီးသည် ငါးဦးသေဆုံးပြီး ၂၀ မှာ ပြင်းထန်စွာ ဒဏ်ရာများဖြင့် ဖလမ်းမြို့ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာအဖြစ် ကုသကြရသည်။

သို့ဖြစ်၍ မိုးရာသီကာလတွင် ကလေးမြို့နှင့် ချင်းပြည်နယ်သွား တောင်ပေါ်လမ်းတွင် သွားလာနေကြသော မော်တော်ယာဉ်များသည် လမ်းပြို၊ မြေပြိုသည့် နေရာများသို့ ရောက်ရှိသည့်အချိန်တွင် ယာဉ်မောင်းသူနှင့် ယာဉ်အကူများက တန်ပိုကုန်များချပြီးမှ လမ်း၏အကျယ်၊ လမ်းမြေသား အမာအပျော့ကို သတိတရားရှိရှိစစ်ဆေးပြီး မောင်းနှင်ပါမှ မလိုလားအပ်သော ပြဿနာများ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း ယာဉ်မောင်းသူများ အသိတရား၊ သတိတရား အမြဲထားရှိနိုင်ကြရန် ရည်ရွယ်လျက် ရေးသားလိုက်ရပါသည်။

(ဂျူနိုင်း)

ခေတ်သမိုင်းကို ပြောနေသော ငွေစက္ကူများ

မကွေး စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကြာကန်ရွာအောက်ကျောင်း ဘုန်းတော်ကြီးကျောင်း နဝကမ္မအလှူခံပုံးများတွင် ဂျပန်ခေတ် ငွေစက္ကူများနှင့် မဆလခေတ်ဖျက်သိမ်းလိုက်သော ငွေစက္ကူများကို ယနေ့တိုင် တွေ့နေရသည်။

မြန်မာနိုင်ငံသည် သမိုင်းခေတ်များစွာကို ကျော်ဖြတ်ခဲ့ရသည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ မဆလခေတ်များတွင် ငွေစက္ကူအမျိုးမျိုး သုံးစွဲခဲ့ရသည်။ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်ငွေစက္ကူများသုံးစွဲခဲ့ရသည်။ ဂျပန်ခေတ်ရောက်ပြန်တော့ ဂျပန်အစိုးရက ငွေစက္ကူများကို မြန်မာနိုင်ငံ၌ပင် ရိုက်နှိပ်သုံးစွဲစေခဲ့သည်။ လွတ်လပ်ရေးခေတ်၊ ဖဆပလ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံဗဟိုဘဏ်က ငွေစာရင်းမင်းကြီး မောင်ကောင်း၊ စလင်းလက်မှတ်များပါသောငွေစက္ကူများကို အာမခံထားကာ ရိုက်နှိပ်သုံးစွဲစေခဲ့သည်။

မဆလအစိုးရခေတ်တွင် ငွေစက္ကူများကို ပြည်တွင်း၌ ရိုက်နှိပ်ကာ ထုတ်ဝေခဲ့သည်။ ထို့နောက် မဆလအစိုးရသည် မိမိထုတ်ဝေသော ငွေစက္ကူကို တရားမဝင်ကြောင်း ဖျက်သိမ်းခဲ့သည်။ ဂျပန်ငွေ စက္ကူနှင့် မဆလခေတ် ငွေစက္ကူများသည် ကြာကန်အောက်ကျောင်း ဘုန်းတော်ကြီးကျောင်း အလှူခံပုံးများတွင် ယနေ့တိုင် ရှိနေသေးသည်။ လက်ရှိကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝရက "ဆရာတော်ကြီးများ အဆက်ဆက်ကရရှိခဲ့တဲ့ အလှူငွေတွေဖြစ်ပါတယ်။ ဒီကျောင်းကြီးရဲ့ အနောက်ဘက်မှာ ကြာကန်ကြီး တစ်ကန်ရှိတယ်။ ကန်လယ်မှာ နဂါးရုံဘုရားကြီးတည်ဖို့အလှူခံခဲ့တာပါ။ မဆလခေတ်ငွေစက္ကူတွေ တရားမဝင်ကြေညာလိုက်တော့ ဘုရားလည်း မတည်ဖြစ်တော့ဘူး။ ငွေတွေကိုတော့ နောင်းခေတ်လူငယ်တွေ လေ့လာချင် လေ့လာနိုင်အောင် ဒီအတိုင်းပဲ သိမ်းထားခဲ့တာ" ဟု မိန့်ကြားခဲ့ပါသည်။

(မကွေးလှမြင့်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်းလုပ်ငန်းသုံး ယာဉ်ယန္တရားများအတွက် လိုအပ်သောဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့ / ရေနံချေးငွေ့စက်ရုံများဌာနမှ မြင်းခြံဒေသတွင် တည်ဆောက်မည့်သဘာဝဓာတ်ငွေ့သုံး တာဘိုင်နှင့်သံမဏိစက်ရုံသို့ သဘာဝဓာတ်ငွေ့ပေးပို့ရန် လိုအပ်မည့်ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၊ ဖိအားထိန်းချုပ်ဖြန့်ဖြူးရေးစခန်းသုံးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)အတွက် 500 KVA Generator(Open type)(1 Lot)အား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။
၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၀၁၁၊ ၀၆၇-၇၉၀၃၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ် ဝယ်ယူလိုပါသည်-

(၁) Under ground Cable
(၂) Under frequency Panel

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ရှမ်းပြည်နယ် တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှု ခံယူရသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၂-၉-၂၀၁၃ ရက်မှစ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
ဆေးရုံအုပ်ကြီးရုံးသို့ လာရောက်၍ လည်းကောင်း၊ ဖုန်းနံပါတ် -၀၈၁-၂၀၁၈၄၀၊ ၀၈၁-၂၁၂၅၁၊ ၀၉-၅၂၀၄၃၉၂ များသို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက်	-၂-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၁-၁၀-၂၀၁၃ရက် ညနေ ၄ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့



မိဘမဲ့ကျောင်းသား၊ကျောင်းသူများအတွက် ထိုင်းနိုင်ငံမှ ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်း

မြိတ် စက်တင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ မြစည်းစိမ်ဟိုတယ်ခန်းမ၌ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ ထိုင်းနိုင်ငံ ADDA Co.,Ltd. ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် ရှစ်ဦးမှ မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှစ်ကျောင်းနှင့် မိဘမဲ့"ကျား"ဂေဟာ၊မိဘမဲ့ "မ" ဂေဟာရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ဖိနပ်၊ခြေအိတ်၊ အားကစားပစ္စည်း၊အချိုရည်များ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ၃ရက် နံနက်၉နာရီခွဲက ကျင်းပခဲ့ရာ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်း၊ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ရနောင်းခရိုင် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mrs. Siriporn Kittisothonkul က အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါ ကုမ္ပဏီနှင့် ရနောင်းခရိုင်ကုန်သည်များအသင်းတို့မှ ကျောင်းသား ကျောင်းသူ ၄၃၈၉ဦးအတွက် ဖိနပ် ၄၃၈၉ ရံ၊ ခြေအိတ် ၄၃၈၉ စုံ၊ ခဲတံ ဒါဇင် ၈၀၊ ဘောလုံး အလုံး ၃၀ ၊အချိုရည်ပါကင် ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ဆရာ ဆရာမများက လက်ခံရယူ၍ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အမှတ်တရစုပေါင်း ဓာတ်ပုံများရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)



ယင်းမာပင်မြို့နယ်အတွင်း မိသားစုဝင်ငွေတိုး ကောက်ရိုးမှိုစိုက်ပျိုး

မုံရွာ စက်တင်ဘာ ၆

စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မြရွှေစည်ကျေးရွာလေးသည်အိမ်ခြေ ၁၀၀ ခန့်ရှိပြီး ခြံစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားစိုက်ပျိုးသော ကျေးရွာလေးဖြစ်သည်။ ကွမ်းစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးလျက်ရှိသော်လည်း ယခုနှစ်တွင် ကွမ်းဈေးနှုန်းများ အဆမတန်ကျဆင်းမှုကြောင့် စီးပွားရေးအရ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ကျေးရွာနေပြည်သူများအနေဖြင့် မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ တိုးပွားစေရန်အတွက် မှိုစိုက်ပျိုးရေးကို ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာမှ မှိုကို မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ပထမဆုံးစီးပွားဖြစ်စိုက်ပျိုးသော ဦးသောင်းအေးက "ကျွန်တော်တို့ အခုစိုက်ပျိုးနေတဲ့ ကောက်ရိုးမှိုဟာ သဘာဝမှိုတစ်မျိုးဖြစ်တဲ့ ငှက်စွေ့မှိုထက်စာရင် အချိုပေါ့ပေမယ့် အခြားမှိုမျိုးတွေဖြစ်တဲ့ မှိုဖြူ၊ မှိုအုံးနက်၊ ဒေါင်းမှို၊ တောင်ပို့မှို၊ ဝါးရုံမှိုမျိုးတို့နဲ့ဆိုရင် အရသာအတူတူဖြစ်ပါတယ်၊ ကျန်းမာရေးအရ ထိခိုက်မှုမရှိတဲ့အတွက် စားသုံးလို့ရတဲ့မှိုမျိုးဖြစ်ပါတယ်" ဟု ကောက်ရိုးမှိုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့အပြင် ကောက်ရိုးမှိုစိုက်ပျိုးမှုနှင့်ပတ်သက်ပြီး "ကျွန်တော့်အိမ်ဝင်းထဲမှာ ၁၅ ခုံစိုက်ပျိုးထားပါတယ်၊ တစ်ခုံအတွက်အရင်းအနှီးက ငွေကျပ် ၅၀၀၀ သာ ကုန်ကျပြီး မှိုထွက်ရှိချိန်ပြန်ရတာက ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ခန့် ပြန်ရပါတယ်၊ ကျွန်တော်တို့အနေနဲ့ မှိုခုံ ၁၅ ခုံရှိတဲ့အတွက် မှိုထွက်ချိန် တစ်ရက်ဝင်ငွေကျပ် ၅၀၀၀ ရှိပါတယ်၊ ကျွန်တော်တို့ကျေးရွာမှာ မှိုစိုက်ပျိုးသူ ၂၀ ကျော်လောက်ရှိပါတယ်၊ ဈေးကွက်အနေနဲ့ ထွက်သလောက်ဝယ်လို့ ထွက်ကုန်အတွက် စိတ်မပူရပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မှိုစိုက်ပျိုးမည်ဆိုလျှင် မှိုတစ်ခုံအတွက် အလျား ၉ ပေ၊ အနံ ၃ ပေ၊ အနက် ၈ လက်မခန့်ရှိ ကန်တွင်းတူးပြီး မြေဆွ၍ နွားချေး ငါးတောင်းကို သမအောင်မွှေ၍ မှိုမျိုးစေ့ လေးထုပ်ထည့်ပြီး စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ရှစ်ရက်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါမိသားစုဝင်ငွေတိုး မှိုစိုက်ပျိုးခြင်းသည် မိမိတို့အိမ်ခြံဝင်းအတွင်း မြေလွတ်ရှိသလောက် လုပ်ကိုင်နိုင်ပြီး ရင်းနှီးငွေနည်းပါးကာ ဝင်ငွေကောင်းသော လုပ်ငန်းဖြစ်သဖြင့် မိသားစုဝင်ငွေအတွက် အထောက်အကူပြုသောကြောင့် စိုက်ပျိုးသင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်းသိရသည်။

(စိုးစိုး-ယင်းမာပင်)

လားရှိုး အထက (၁) ၌ အသိပညာပေးဟောပြော

လားရှိုး စက်တင်ဘာ ၆

လားရှိုးမြို့ အထက(၁)၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော ဥပဒေများ၊ ယာဉ်/လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ် ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ အခမ်းအနားသို့ ခရိုင်ဥပဒေအရာရှိ ဒေါ်မိုးမိုးခိုင်၊ လားရှိုး (မူးယစ်) ကြီးကြပ်သူအရာရှိ ဒုရဲမှူး ရဲနိုင်၊ ကညန စစ်ဆေးရေးမှူး (၂) ဦးမင်းဆွေ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၅၀ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဒေါ်မိုးမိုးခိုင်က မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ဥပဒေများအားလည်းကောင်း၊ ဒုရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများ အကြောင်းနှင့် ကော်ရှုသုံးစွဲခြင်း အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောကြကြောင်း သိရသည်။

(ဇော်လွင်-လားရှိုး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့်မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ- ၁၃)၊ (ပုဒ်မ- ၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့်ပုံစံ(သမ ၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၉ရက်မှ စက်တင်ဘာလ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

၂၀၁၃ ခုနှစ်၊ အာစရိယပူဇော်ပွဲကို ၂-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် (၇) နာရီတွင် တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပပါမည်။ ၁၉၅၃ မှ ၂၀၁၃ခုနှစ်ထိ နှစ်(၆၀)အတွင်း ဘူမိဗေဒမိသားစုဝင်များ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။ အလှူငွေများကို လှူနေကျအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

နှစ်(၄၀)ပြည့်
အောင်ဆန်း(၇)ပတ္တမြားရတု
တရားသူကြီး(ငြိမ်း)များ မိတ်ဆုံပွဲ

ဖိတ်စာကဗျာများ ပို့ထားသည်။

မရလျှင်- ဦးတင်ဝင်း (လသာ)

ဖုန်း-၅၁၄၁၂၉ ဆက်ပါ။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်(၂)လမ်း၊ အမှတ်(ခ/၁၁၁)၊ အကျယ်အဝန်း (အလျား ၁၃၀× အနံ ၁၀၀)ပေ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (ယခင်က) ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး အောင်ပန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်အေးတို့မှ ပိုင်ဆိုင်ခဲ့ပြီး (ယခုအခါ)၊ ၎င်းတို့၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများအနက် သားအရင်းဖြစ်သူ ဦးအောင်ထွန်းထွန်းလွင် [၁၂/မရက(နိုင်) ၁၄၉၄၈၁] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ရဲမှူး ဒေါ်တင်မာထွေး [၁၄/ဟသတ(နိုင်) ၂၆၃၉၂၂] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား (မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးသီတာမော် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)

THAN THAN WIN & ASSOCIATES (LAW FIRM)

အမှတ်-၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၀၉- ၅၁၄၃၁၂၄၊ ၀၉- ၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၇)လမ်း၊ တိုက်အမှတ် (၃၇)၊ မြေညီထပ် (ယာဘက်ခြမ်း)၊ ပေ(၁၃×၅၅) အကျယ်ရှိ တိုက်ခန်းကို တရားဝင်လက်ဝယ် ပိုင်ဆိုင် ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးရွှေသိန်း [၁၁/စတန (နိုင်)၀၁၉၆၇၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်အေးမြသီတာ (LL.B)**

အထက်တန်းရှေ့နေ (စဉ်-၄၁၇၅၂)

လိပ်စာ- အမှတ်(၈)၊ ပါရမီလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ဖုန်း-၀၉၄၂၀၁၈၉၉၁၉၊ ၀၉၅၁၈၇၇၀၂၊ ၀၁-၆၅၇၂၅၄

မြေနှင့်အိမ် အမြန်ရောင်းမည်

အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ယခင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (ရုံးချုပ်)အနီး၊ မြေအကျယ် ပေ(၅၀×၉၁)ရှိ မြေနှင့်အိမ်ရောင်းမည်။ ဝယ်လိုသူကိုယ်တိုင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၁-၂၁၀၅၀၇၊ ၀၉-၅၁၂၇၈၆၂

ဒဂုံမြို့သစ် မြို့ဦးပြည်ကြီးချမ်းသာမဟာစေတီတော်ကြီးတွင် ဗုဒ္ဓသာသနာ့ဗိမာန်တော်တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၆

ဒဂုံမြို့သစ်မြောက်ပိုင်း ၊ တောင်ပိုင်း ၊ အရှေ့ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်များ၏ မြို့ဦးပြည်ကြီးချမ်းသာမဟာစေတီတော်ကြီးတွင် ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော်ကြီးထံမှ ဩဝါဒခံယူရေး အစည်းအဝေးကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက သန္တိသုခ ဂေါပကအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအောင်ချမ်း၊ ဂေါပကအဖွဲ့ဝင် ဦးအောင်မော်၊ ဦးနိုင်ဝင်း၊ ဥပသကာအဖွဲ့ဝင်ဦးတိုးမြင့်တို့က ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီး ထည်ထည်ဝါဝါခမ်းခမ်းနားနားပေါ်ပေါက်လာရေးနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ထားရှိမှုများ၊ ပြင်ဆင်လုပ်ကိုင်နေမှုများ၊ ရှေ့ဆက်လုပ်ကိုင်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြအကြံပြုဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မြို့နယ်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အောင်ဓမ္မရိပ်သာကျောင်းဆရာတော်၊ ဒဂုံပရိယတ္တိကျောင်းတိုက် ဆရာတော်၊ မင်္ဂလာအေးအောင်မြေရတနာဆရာတော်ကြီးများက သံဃာဆရာ ဒါယကာများ သိုက်သိုက်ဝန်းဝန်း ညီညီညွတ်ညွတ် လုပ်ကိုင်မည်ဆိုလျှင် မဖြစ်နိုင်စရာမရှိသကဲ့သို့ ဗုဒ္ဓဘာသာသာသနာသည်လည်း နေလိုလလို ထွန်းလင်းပြောင်ပြီး တိုးတက်အောင်မြင်မှုများရရှိကာ ဒဂုံမြို့သစ်ဂုဏ်ရောင်သည် ပိုမိုထွန်းပြောင်လာမည်ဖြစ်ကြောင်း မြွက်ကြားသည်။

ဒဂုံမြို့သစ်မြို့ဦးပြည်ကြီးချမ်းသာမဟာစေတီတော်ကြီးတွင် ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီးဖြစ်ထွန်းလာရေး လိုအပ်သော အသုံးစရိတ်များ သုံးစွဲနိုင်ရန် ဆရာတော်များကဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဂေါပကလူကြီးများ၊ ဥပသကာအဖွဲ့ဝင်များ၊ သာသနာ့အကျိုးဆောင်များက စေတနာထက်သန်စွာဖြင့် လှူဒါန်းကြရာ အလှူငွေကျပ်ငါးသိန်းခန့်ပင်ရရှိခဲ့သည်။ ဒဂုံမြို့သစ်တွင် ဗုဒ္ဓဘာသာ သာသနာ့ဗိမာန်တော်ကြီးပေါ်ထွန်းရေးကို ဦးစီးဦးဆောင်၍ ဝိုင်းဝန်းတည်ဆောက်သွားမည်ဖြစ်သည်။

(စိန်ရွှေလှိုင်)

ကုန်ကြမ်းရှားပါးနေသဖြင့် ဖျာပုံရွှေပုစွန်ခြောက်ဈေးမြင့်



ပုစွန်ခြောက်သည် မြန်မာ့အစားအစာနှင့်အာဟာရတို့တွင် မြန်မာအစားအစာအဖြစ် ဆက်လက်နေရာယူလျက်ရှိသည်။ စာရေးသူတို့ ပြည်သူများသည် ဒေသတစ်ခုခုသို့ ရောက်လျှင် ဒေသထွက်ပစ္စည်းတစ်ခုခုကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူတတ်ကြသည်။

စာရေးသူတို့ ဖျာပုံမြို့သို့ ရောက်လျှင်တော့ ဒေသထွက်ကုန်တစ်ခုဖြစ်သည့် ဖျာပုံရွှေပုစွန်ခြောက်ကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူတတ်ကြသည်။

ဖျာပုံရွှေပုစွန်ခြောက်သည် ရေချို အင်းအိုင်၊ ချောင်းမြောင်းများမှ ရရှိသောရေချိုပုစွန်များကို ဆားပေါ့ပေါ့ဖြင့် နေလှန်းအခြောက်ခံ ပြုလုပ်ထားခြင်းဖြစ်သည်။ သို့အတွက် သိမ်းဆည်းရလွယ်ကူပြီး ဟင်းခတ်အချိုအဖြစ် အသုံးပြုနိုင်သောကြောင့် အိမ်ရှင်မများအလွန်ကြိုက်နှစ်သက်သည့် ဖျာပုံမြို့၏ဒေသထွက်ကုန်တစ်ခုဖြစ်ပေသည်။

ယခုရာသီတွင် ရေချိုပုစွန်ရှားပါးနေခြင်းကြောင့် ယခင်နှစ်များနှင့် မတူဘဲ ဈေးမြင့်နေကြောင်းသိရသည်။ ယခင်က ဖျာပုံပုစွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၈၀၀၀ အထိသာရှိခဲ့ရာမှ ယခုအချိန်တွင် ဖျာပုံရွှေပုစွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၅၀၀၀ အထိမြင့်တက်နေသည့်အပြင် လိုသလောက်ဝယ်ယူ၍မရဖြစ်နေကြောင်း ဖျာပုံမြို့ရှိ ပုစွန်ခြောက်အရောင်းဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

ယခုကဲ့သို့ ပုစွန်ခြောက် ဈေးမြင့်တက်နေရခြင်းမှာ "အင်းချောင်းများ၏ပိုက်ချက်များတွင် ရေချိုပုစွန်ခြောက်ပြုလုပ်သည့် ဖော့ချိတ်ပုစွန်အရနည်းရာမှ ကုန်ကြမ်းရှားပါးနေပြီး ပုစွန်အစို ဈေးကွက်တွင်ပင် ပုစွန်ဖော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ဈေးမြင့်တက်နေခြင်းကြောင့်" ဟု ဒေသခံအင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မည်သို့ပင် ဈေးမြင့်တက်စေကာမူ ဖျာပုံရွှေပုစွန်ခြောက်သည် မြန်မာအိမ်ရှင်မများ၏ မီးဖိုချောင်သုံး ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့တိုင် ဝင်ရောက်နေရာယူထားပြီးဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ **(သူဇာနွယ်-ဖျာပုံ)**

မြန်အောင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မြန်အောင် စက်တင်ဘာ ၆

မြန်အောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်အောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြန်အောင်မြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့မှ ဩဂုတ် ၃၀ ရက်တွင် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မထသအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်အောင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေးနှင့် အတွင်းရေးမှူး ဦးသန်းညွန့်တို့က မြို့တွင်းလမ်းများချဲ့၍ လမ်းအဆင့်မြှင့်တင်ရေး၊ မြို့တွင်း လမ်းမီးများ ပြင်ဆင်ရေး၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ခရီးသည်တင်ယာဉ်များစနစ်တကျရပ်နားရန် နေရာပြုလုပ်ပေးရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်ရရှိရေးတို့ကို ဆွေးနွေးကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် လုပ်ငန်းများကို နည်းပညာနှင့် လုပ်အားကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းက လုပ်ငန်းကုန်ကျစရိတ်များနှင့် မြို့နယ်(မထသ)မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်အောင်မြို့နယ်အတွင်းရှိ စက်တပ်ယာဉ်များအား သက်တမ်းတိုးခြင်း၊ အမည်ပြောင်း/နယ်ဝင်/နယ်ထွက်/ခရီးလွန်ကိစ္စရပ်များ ဆောင်ရွက်ပေးရန် စက်တင်ဘာ ၂၁ ရက်တွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ဟင်္သာတမြို့)မှ နယ်လှည့် စစ်ဆေးရေးအဖွဲ့က လာရောက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

(ဝင်းဗိုလ်-မြန်အောင်)

ယာဉ် / လမ်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

တောင်ကြီး စက်တင်ဘာ ၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ရာ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မူမူမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်ထိန်းဌာန ရဲမှူးကံသိန်းက ယာဉ်မတော်တဆဖြစ်မှုအကြောင်းကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက လမ်းအသုံးပြုသူနှင့် ယာဉ်အသုံးပြုသူများ သိသင့်သိထိုက်သောအချက်အလက်များကိုလည်းကောင်း၊ ဒုရဲမှူး သိန်းထွန်းအောင်က ယာဉ်တိုက်ခိုက်မှု အမှား၊ အမှန်များကိုလည်းကောင်း ပရိဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

(ကညန-တောင်ကြီး)

အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်ရန်ရက်တိုးသတ်မှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူရန် ၂၄-၈-၂၀၁၃ ရက်စွဲပါ တင်ဒါလျှောက်လွှာပိတ်ရက် ၃-၉-၂၀၁၃ ရက် နံနက် ၁၀ နာရီအစား ၉-၉-၂၀၁၃ ရက် ညနေ ၃ နာရီသို့ လိုအပ်ချက်အရ ရက်တိုးသတ်မှတ်ပါသည်။

သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကော့သောင်းခရိုင်၊ ကော့သောင်းမြို့
ဖုန်း-၀၅၉-၅၁၀၁၁၊ ၀၉-၄၂၂၁၉၆၅၇၅

ရွှေမြင့်မိုရ် ဆရာတော် မိုးကုတ်ဝိပဿနာ (၁၀) ရက်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁) ကျောင်းတိုက်၊ ရွှေမြင့်မိုရ်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ၁၀-၉-၂၀၁၃ ရက်မှ ၁၉-၉-၂၀၁၃ ရက်အထိ (တော်သလင်းလဆန်း ၆ ရက်မှ တော်သလင်းလပြည့်နေ့အထိ) (၁၀) ရက် ဝါတွင်းစတုတ္ထပတ်စခန်းပွဲတို့ကို ဖြေဆည်ရာ ဆရာတော် ဦးဩဘာသ (မိုးကုတ်အဖွဲ့ချုပ်နာယက၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်မှ ပဋ္ဌိစ္စသမုပ္ပာဒ် ဝိပဿနာ သစ္စာလေးပါး တရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ဝါတွင်း(၁)လလျှင် (၁၀) ရက်စခန်းပွဲ (၂)ကြိမ်၊ ဝါတွင်း (၃)လ တရားစခန်းပွဲ (၆) ကြိမ် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

ရွှေမြင့်မိုရ် အကျိုးဆောင်အဖွဲ့
ဖုန်း-၅၇၁၂၈၅၊ ၈၅၀၀၃၄၅၊ ၀၉ ၅၀၅၀၀၁၀၊ ၀၉ ၇၃၀၁၇၄၇၉

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၇)၊ ရွှေပင်လုံအိမ်ရာစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ထားသော မိုးလုံလေလုံအားကစားရုံ (Indoor Stadium) အဆောက်အအုံနှင့် မြေ (၁. ၈၃၅) ဧကကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆက်လက်ထိန်းသိမ်း၍ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက်- ၅-၉-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၈-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းနိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း-၀၆၇- ၄၀၇၅၂၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၈)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်တံတားများတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စွန်ရဲတံတား(မင်းပြားမြို့နယ်)

(က) ကမ်းတောင်းကြီး ကျောက်စရစ်	-	၇၃ ကျင်း

ဆင်ခုန်တိုင်တံတား(ပေါက်တောမြို့နယ်)

(က) ကမ်းတောင်းကြီးကျောက်စရစ်	-	၁၄၄ ကျင်း
(ခ) တောသစ်	-	၆၂ တန်

သဲတန်းတံတား(မင်းပြားမြို့နယ်)

(က) တောသစ်	-	၄၅တန်
(ခ) သံချောင်းလုံး(ရွယ်စုံ)	-	၂၄. ၇၁၉ တန်

တံတားအမှတ်(၁၁/၆) (ဘူးသီးတောင်မြို့နယ်)

(က) မြစ်သဲကြမ်း	-	၁၁၀ ကျင်း
(ခ) တောသစ်	-	၅၇ တန်
(ဂ) သံချောင်းလုံး(ရွယ်စုံ)	-	၆၀. ၉၅၈တန်

တံတားအမှတ်(၇/၁၀) (မောင်တောမြို့နယ်)

(က) မြစ်သဲကြမ်း	-	၈၀ ကျင်း
(ခ) သံချောင်းလုံး(ရွယ်စုံ)	-	၃၃. ၁ တန်

ချောင်းသာတံတား(ဂွမြို့နယ်)

(က) ဘိလပ်မြေ (ထိုင်းဆင်တံဆိပ်)	-	၁၄၅ တန်
(ခ) မြစ်သဲကြမ်း	-	၅၆ ကျင်း
(ဂ) ခွဲကျောက် (1/4" ~ 3/4")	-	၁၀၈ ကျင်း
(ဃ)တောသစ်	-	၃၂တန်
(င) သံချောင်းလုံး(ရွယ်စုံ)	-	၃၃. ၈၁ တန်

၃။ တင်ဒါစတင်ရောင်းချမည့်ရက်	၇-၉-၂၀၁၃ ရက်
တင်ဒါပိတ်ရက်	၂၁-၉-၂၀၁၃ (ညနေ ၄ နာရီ)
တင်ဒါဖွင့်မည့်နေရာ	(၂၂-၉-၂၀၁၃) ရက် မွန်းလွဲ ၁၃း၀၀ နာရီ စီမံကိန်းရုံး၊ စွန်ရဲတံတား၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
	(၂၄-၉-၂၀၁၃) ရက် မွန်းလွဲ ၁၃း၀၀ နာရီ၊ ခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ သံတွဲခရိုင်(ချောင်းသာတံတားအတွက်သာ)

၄။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို
(က) ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ စွန်ရဲတံတားစီမံကိန်း၊ စွန်ရဲကျေးရွာ၊ မင်းပြားမြို့နယ်
(ခ) လက်ထောက်အင်ဂျင်နီယာရုံး၊ မင်းပြားမြို့နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(ဂ) ခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ သံတွဲခရိုင် တို့တွင် (၇-၉-၂၀၁၃) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉- ၄၅၀၀၁၁၇၈၅၊ ၀၉- ၄၉၃၃၇၇၁၆



ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)
(၁၂)ကြိမ်မြောက်
ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ

ကျင်းပမည့်ရက် - (၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ
ကျင်းပမည့်နေရာ - ရာဇဂြိုဟ်ဆောင်၊ အလှူတော်မင်္ဂလာခန်းမ

ပါဝင်လှူဒါန်းလိုသူများသည် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ အမှတ်-၃၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်(သို့မဟုတ်) ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၄၊ ၀၉-၇၃၀၀၆၄၄၆၊ ၅၄၂၇၀၆၊ ၅၅၂၅၄၂ တို့သို့ ၁၂-၉-၂၀၁၃ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်

ဒေါ်နန္ဒာဝင်းဦးစီးသော သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်များကို ၁၈-၁၀-၂၀၁၃ ရက်၊ ၄-၁၂-၂၀၁၃ ရက်၊ ၁၅-၂-၂၀၁၄ ရက် ခရီးစဉ်များကို စရန်ငွေတစ်သိန်းပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။

ခရီးစဉ်တိုင်းကို လူ(၆)ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-
အမှတ်(၆၁)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊ ၀၉-၃၃၃၆၄၇၇၇၊ ၀၉-၇၃၁၅၉၉၇၁၊
၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၅၀၂၆၂၅၈

(၇၄)နှစ်မြောက် ဆရာတော်အရှင်ဦးဥတ္တမနေ့အခမ်းအနား ဖိတ်ကြားခြင်း

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာတော်အရှင် ဦးဥတ္တမ၏ (၇၄)နှစ်မြောက် ဦးဥတ္တမနေ့ ဂုဏ်ပြုသည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ ရန်ကုန်ရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ စုပေါင်းပါဝင်သော ဖြစ်မြောက်ရေးကော်မတီမှ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တိုင်းရင်းသားညီနောင်များနှင့် မိဘပြည်သူများ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (ရန်ကုန်ရောက် ရခိုင်သူ/သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်၍ ဂုဏ်ပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

နေ့ရက် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်(တနင်္လာနေ့)
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ
နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ



တိုက်ခန်းသစ်ရောင်းမည်
(စမ်းချောင်းမြို့နယ်)

ရွှေလောင်းလမ်း၊ ပေ(၁၄×၅၀)၊ ပ-ထပ်၊ ကျွန်းပါကေး၊ သံပန်း၊ ဆန်းရှိတ်၊ A.C(၁)၊ အလူမီနီယံအိပ်ခန်း(၁)၊ ဘိုထိုင်အိမ်သာ၊ (ရေချိုးခန်း၊ မီးဖိုခန်း) ကွေ့ပြားပြည့်၊ မျက်နှာကြက်ကောနစ်၊ (ရေ၊ မီး) အထူးပြင်ဆင်ပြီး တိုက်အသစ်။ **သိန်း(၅၅၀)**
(ပွဲစားမလို) ဖုန်း-၀၉၇၃၁၅၆၄၉၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၆၀/၁၆၄)၊ အခန်းအမှတ်(ဘီ-၃)၊ ဒုတိယထပ်၊ အကျယ်အဝန်းပေ(၁၅ × ၆၀)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချသူ ဒေါ်စောမြတ်မွန်[၁၂/ဒဂရ(နိုင်)၀၀၆၈၅၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး လက်ရောက်ရယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

CITY VIEWအကျိုးဆောင်ကုမ္ပဏီ	**ဒေါ်နွယ်နီ (LL.B)**
အမှတ်(၇၉/၈၁)၊ ၉ လွှာ၊ Central Tower	**အထက်တန်းရှေ့နေ**
၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊	**ရွာမရဲစခန်းဝင်း၊ အင်းစိန်မြို့နယ်။**
ဖုန်း-၀၁-၃၉၂၇၂၈၊ ၀၉ ၈၅၈၇၇၂၇၊	**ဖုန်း-၀၉၄၂၁၀၅၆၅၁၃**
၀၉-၅၂၀၈၁၂၆၊ ၀၉၅၁၇၉၉၇၆	

ယာဉ်မောင်း ၁ ဦး အလိုရှိသည်

ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနိုင်၍ လုပ်သက် (၃)နှစ် အထက် လျှောက်ပါရန်။

လစာ-တစ်လ-တစ်သိန်းငါးသောင်း

ဖုန်း-၃၈၈၂၃၃

စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင် လာခဲ့ပါ။ **ဖုန်း-၀၉-၅၀၇၅၈၂၇**

ဝယ်လိုသည်

ပေ(၂၀ × ၆၀)အနည်းဆုံး သိန်း ၁၅၀ တန် အရှုပ်အရှင်းကင်းသော မြေ ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။(ကျောက်ရေတွင်း၊ ချော်တွင်းကုန်း၊ တ/ဥ၊ မ/ဥ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်မြို့နယ်အတွင်းရှိ)
ဆက်သွယ်ရန်ဖုန်း-၀၉၄၂၁၇၉၉၂၅



[illegible]

[illegible]

[illegible] Shopping Mall [illegible]

[illegible] FOREVER FANCY STORE [illegible]

[illegible] FOREVER FANCY STORE [illegible]

[illegible] (Grade 7G, I.S.M) [illegible]

[illegible]

[illegible]

FOREVER FANCY STORE (SINCE-1988) [illegible]



* BST (4 Tickets)
* Pre-sea (Deck & Engine)

ကျေးဇူးတင်လွှာ

တည်ငြိမ်အေးချမ်းမှုကိုပေးသည့် စိမ်းလန်းသာယာသော အသိပညာမြို့တော်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဂုဏ်မြင့်ဖော်ဆောင်သော အဆင့်မြင့်ခရီးသွားလုပ်ငန်းမြို့တော်၊ ရိုးရာလက်မှုပညာ အမွေအနှစ်များကို ခေတ်မီနည်းပညာများနှင့် ပေါင်းစည်းပေးရာ၊ စက်မှုလက်မှုအတတ်ပညာ နည်းပညာမြို့တော်အဖြစ် မြို့မိမြို့ဖအဖွဲ့နှင့် မြို့သူမြို့သားများက အနာဂတ်မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်များထားရှိပြီး ကြိုးစားဆောင်ရွက်နေသော စစ်ကိုင်းမြို့သို့ ၂၅-၈-၂၀၁၃ရက်က "အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMES) ဖွံ့ဖြိုးတိုးတက်မှုအတွက် စွန့်ဦးတီထွင်မှုပညာ"ခေါင်းစဉ်ဖြင့် လာရောက်ပြောပေးပါသော M.H.R ဦးအေးကျော် (ကျောင်းအုပ်ကြီး၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ ရန်ကုန်မြို့)အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဟောပြောပို့ချမှုမှရရှိသော အသိပညာများသည် စစ်ကိုင်းမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှု ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်အထောက်အကူပြုခဲ့ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၁၊ မြေတိုင်းရပ်ကွက်-၁၊ မြေကွက်အမှတ်-၇၂၆/က၊ မြေအကျယ်အဝန်း အလျားပေ(၂၀)၊ အနံပေ (၆၀) နှစ် (၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကွယ်လွန်သူ ဦးမင်းဦးအမည်ပေါက်ပြီး ဇနီးဖြစ်သူ ဒေါ်နီနီလွင်[၁၂/သကတ(နိုင်)၀၉၈၄၉၅]မှ လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အထက်ပါ မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အဆိုပါမြေနှင့် အဆောက်အအုံတို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်း များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဖော်ပြပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နေခြည်ဦး	**နော်မြတ်လေးနွယ်**	**ဦးခင်မောင်မြင့် (ကနောင်)**
LL.B, WIPO (Switzerland)	LL.B	LL.B, WIPO (Switzerland)
(စဉ်- ၃၈၄၄၄)	**(စဉ်-၄၁၆၃၃)**	**(စဉ်-၂၇၁၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး**

အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅ လမ်းတို (အောက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၀၈၇၅၄၊ ၀၉-၈၆၁၁၄၁၆

အသုံးချနက္ခတ်ဗေဒင်ပညာ

ဗေဒင်ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော **ဦးညဏ်လင်း၏** သင်ခန်းစာများ **စာအုပ်** ထွက်ပါပြီ။ ၂၀၅၀ ခုနှစ်ထိ ဂြိုဟ်သွားပြက္ခဒိန်ပါဝင်သည်။

ဖုန်း-၀၉ ၅၁၁၇၁၃၁၊ ၀၉-၅၀၇၅၈၂၇၊ ၀၉- ၅၅၀၅၃၆၀

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးချို အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း(C)မှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဦး [၁၃/ရစန(နိုင်)၀၂၄၁၇၄] ဖြစ်ပါသည်။ **ဦးသန်းနိုင်ဦး**

09 31268183
09 31589922

တောင်းပန်ခြင်း

ကျွန်တော် ဦးခင်မောင်လတ် [၉/ကဆန(နိုင်) ၀၈၃၉၀၂]မှ ဦးသိန်းဟန် (BQ 000001)အား အင်းစိန်မြို့နယ်တွင် တရားမကြီးအမှုအမှတ် ၃၈/၂၀၁၃ ဖြင့် တရားစွဲဆိုခဲ့ရာ မှားယွင်းစွာစွဲဆိုမိ၍ သက်ဆိုင်သူမိသားစုများနှင့် ညှိနှိုင်းကာ အမှုရုပ်သိမ်းပြီးဖြစ်သောကြောင့် အများသိစေရန် တောင်းပန်ကြေညာအပ်ပါသည်။

ဦးခင်မောင်လတ် [၉/ကဆန(နိုင်) ၀၈၃၉၀၂]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁-လမ်း၊ အမှတ် (၄၀)၊ ၇-လွှာဟုခေါ်တွင်သည့် တိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးရဲမြင့်အောင် [၁၂/ဗဟန(နိုင်)၀၁၀၀၁၇]ထံ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးမြင့် [၁၂/မရက(နိုင်) ၀၆၅၂၂၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B,DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel-294866, 294766 , Hp:09-5017044, 09 73107094

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ သီတာလမ်း၊ မြေကွက်အမှတ်(၂၀၈)ဟုခေါ်တွင်သော ပေ(၄၀×၆၀)မြေကွက်၏ ဂရန်အမည်ပေါက် ဦးခင်ဝင်းထံမှ အဆင့်ဆင့်စာချုပ်ဖြင့် ထိုမြေကွက်၏ ခြေရင်းခြမ်း ပေ(၂၀×၆၀)မြေကွက်နှင့် တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးဝင်းအောင်[၁၂/ရကန(နိုင်)၀၁၃၃၂၉] ထံမှ အပိုင်ဝယ်ယူရန် ကျွန်ုပ် ဦးကျော်ကျော်ဇင်[၁၂/မဂတ(နိုင်)၀၂၀၆၂၈]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကျော်ကျော်ဇင် ဖုန်း-၀၉-၃၁၃၃၁၉၉၈၊ ၀၉-၈၅၆၈၂၆၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၈၁)၊ မြေကွက်တည်နေရာအမှတ်(၈၁)၊ ယုဇနလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြောက် (ဦးအောင်မြင့်)(DKU-040487)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့် ကွယ်လွန်သဖြင့် ဒေါ်တင်ရီ[၁၂/ဗတထ(နိုင်)၀၁၃၇၀၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ရင်ခုန်သံ"

ခေတ်မီနည်းဖြင့် မနာကျင်ဘဲ သဘာဝကျထာဝရလှသော မျက်ခုံးမွေး Eye Liner လှလှထိုးသည်။(အမျိုးသား၊ အမျိုးသမီး)

ဖုန်း-၀၉-၅၁၂၇၅၄၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မရမ်းကုန်းမြို့နယ်၊(၉)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းဆောင်ရွက်ရာတွင် ပါဝင်သဖြင့် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆) မြေကွက်အမှတ်(၇၈၈/က)တွင် ပြောင်းရွှေ့ခြင်းခံရသူအမည်ပေါက် ဦးမြတ်ကျော် (အိုင်ဂျီယူ-၀၉၄၈၅၃)မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်အတွက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

ကန့်ကွက်နိုင်ပါကြောင်း

